ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ တပေါင်းလဆန်း ၄ ရက်၊ စနေနေ့ (25-2-2012) (၇၀၄၆)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

ကူဝိတ်နိုင်ငံ အကြီးအကဲထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၂၅

၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင် ကျရောက်သော ကူဝိတ်နိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ကူဝိတ်နိုင်ငံ အကြီးအကဲ ရှိတ်ဆာဘား အယ်လ်အာမက် အယ်လ်ဂျာဘား အယ်လ်ဆာဘားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

ကူဝိတ်နိုင်ငံ ဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၂၅

၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင် ကျရောက်သော ကူဝိတ်နိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ကူဝိတ်နိုင်ငံဝန်ကြီးချုပ် ရှိတ် ဂျားဘား အယ်လ်မူဘာရက် အယ်လ်ဟာမက် အယ်လ်ဆာဘားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ ပြဋ္ဌာန်း

ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ

(၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁။)
၁၃၇၃ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်
(၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်)

နိဒါန်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၈၉ တွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု၏ အုပ်ချုပ်ရေးကို ရပ်ရွာက ကြည်ညိုလေးစားပြီး သိက္ခာသမာဓိရှိသည့် ပုဂ္ဂိုလ်တစ်ဦးဦးအား ဥပဒေနှင့်အညီ ခန့်အပ်တာဝန်ပေး ဆောင်ရွက်စေရမည်ဟု ပြဋ္ဌာန်းထားသည့်အလျောက် ယင်းသို့ ခန့်အပ်တာဝန်ပေးပြီး ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု၏ အုပ်ချုပ်ရေးဆိုင်ရာ လုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အလို့ငှာ ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)

အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ရပ်ကွက်**ဆိုသည်မှာ သက်ဆိုင်ရာမြို့ နယ်နိမိတ်အတွင်း ရပ်ကွက်အဖြစ် ဤဥပဒေအရ နယ်နိမိတ်သတ်မှတ်ဖွဲ့စည်းသည့်ဒေသကို ဆိုသည်။

(ခ) **ကျေးရွာ**ဆိုသည်မှာ သက်ဆိုင်ရာမြို့ နယ်နိမိတ်အတွင်း ပါဝင်ခြင်းမရှိသည့် နယ်မြေတွင် ကျေးရွာအဖြစ် ဤဥပဒေအရ နယ်နိမိတ်သတ်မှတ်ဖွဲ့စည်းသည့်ဒေသကို ဆိုသည်။

(ဂ) **ကျေးရွာအုပ်စု**ဆိုသည်မှာ ကျေးရွာတစ်ရွာကိုဖြစ်စေ၊ ကျေးရွာအများကိုစုစည်း၍ဖြစ်စေ ကျေးရွာအုပ်စုအဖြစ် ဤဥပဒေအရ နယ်နိမိတ်သတ်မှတ်ဖွဲ့စည်းသည့်ဒေသကို ဆိုသည်။

(ဃ) **မြို့**ဆိုသည်မှာ သက်ဆိုင်ရာ ရပ်ကွက်များကို စုစည်း၍ မြို့အဖြစ် ဤဥပဒေအရ နယ်နိမိတ်သတ်မှတ်ဖွဲ့စည်းသည့်ဒေသကို ဆိုသည်။

(င) **မြို့နယ်**ဆိုသည်မှာ သက်ဆိုင်ရာ ရပ်ကွက်များကို ဖြစ်စေ၊ သက်ဆိုင်ရာ ကျေးရွာအုပ်စုများနှင့် မြို့ကိုဖြစ်စေ စုစည်း၍ မြို့နယ်အဖြစ် ဤဥပဒေအရ နယ်နိမိတ်သတ်မှတ်ဖွဲ့စည်းသည့်ဒေသကို ဆိုသည်။

(စ) **ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု စာရေး**ဆိုသည်မှာ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုတွင် နိုင်ငံ့ဝန်ထမ်းအဖြစ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ခန့်အပ်ထားသော စာရေးဝန်ထမ်းကို ဆိုသည်။

(ဆ) **ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး**ဆိုသည်မှာ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန် ဤဥပဒေအရ ခန့်အပ်တာဝန်ပေးခြင်းခံရသော ပုဂ္ဂိုလ်ကို ဆိုသည်။

(ဇ) **မြို့နယ်အုပ်ချုပ်ရေးမှူး**ဆိုသည်မှာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးကို ဆိုသည်။

(ဈ) **ခရိုင်အုပ်ချုပ်ရေးမှူး**ဆိုသည်မှာ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးကို ဆိုသည်။

(ည) **အိမ်ထောင်ဦးစီး** ဆိုသည်မှာ သက်ဆိုင်ရာဥပဒေအရ သတ်မှတ်ထားသော အိမ်ထောင်စုဦးရေစာရင်းပုံစံတွင် အိမ်ထောင်ဦးစီးအဖြစ် ဖော်ပြထားခြင်းခံရသူကို ဆိုသည်။

အခန်း(၂)

ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုများ ဖွဲ့စည်းရေး

၃။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ကဖြစ်စေ၊ နေပြည်တော်ကောင်စီကဖြစ်စေ ထောက်ခံတင်ပြချက်အရ နိုင်ငံတော်သမ္မတ၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ ပြည်ထဲရေးဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာထုတ်ပြန်လျက်-

(က) မြို့ နယ်နိမိတ်အတွင်း ရပ်ကွက်များကို ဖွဲ့စည်းခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် အမည်ပြောင်းလဲခြင်းပြုနိုင်သည်။

(ခ) မြို့ နယ်နိမိတ်ပြင်ပတွင် ကျေးရွာများဖွဲ့စည်းခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် အမည်ပြောင်းလဲခြင်း ပြုနိုင်သည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖

၂၀၁၂ ခုနှစ်၊ ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ ပြဋ္ဌာန်း

၂၀၁၂ ခုနှစ်၊ ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေ

(၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂။)
၁၃၇၃ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်
(၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)

အမည်နှင့် အကျိုးသက်ရောက်သည့်ကာလ

၁။ (က) ဤဥပဒေကို ၂၀၁၂ ခုနှစ်၊ ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၁-၂၀၁၂ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အကျိုးသက်ရောက်စေရမည်။

အခန်း(၂)

နောက်ထပ်အသုံးစရိတ်များကို ခွင့်ပြုလျာထားပေးခြင်းနှင့် စီမံခန့်ခွဲခြင်း

၂။ (က) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ လွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီနှင့် စပ်လျဉ်း၍ ဇယား(၁)၊ (၂)နှင့်(၃) တို့တွင် ခွင့်ပြုထားသော သုံးငွေတို့အတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိနှင့် ယှဉ်တွဲဖော်ပြထားသော သက်ဆိုင်ရာ သုံးငွေများကို သုံးစွဲနိုင်သည်။

(ခ) ပုဒ်မခွဲ(က)တွင် ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းသည် ၂၀၁၁ ခုနှစ်၊ နိုင်ငံတော်၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေအရ ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းအပြင် နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

၃။ (က) ပုဒ်မ ၂ ပါ တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား တာဝန်ပေးအပ်သည့် သုံးငွေကို စီမံခန့်ခွဲရန် မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ခ) သုံးငွေကို စီမံခန့်ခွဲရာတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ၂၀၁၁ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စာမျက်နှာ (၇)သို့

ကြေးမုံစာတည်းရှုထောင့်

၂၅-၂-၂၀၁၂ [စနေနေ့]။

အခြေခံမပျက် ဆန်းသစ်တီထွင်

အလင်းနှင့်အမှောင်၊ အဖြူနှင့်အမည်း၊ အကောင်းနှင့်အဆိုး ဒွန်တွဲနေသည်မှာ လောကဓမ္မတာ။ လူ့ဘဝ လူမှုဝန်းကျင်တွင် အခက်အခဲများ၊ စိတ်သောကရောက်စရာများ၊ မလျော်မသင့်သည်များ၊ စိတ်ကသိကအောက်ဖြစ်ဖွယ်ရာများလည်း တွေ့ရ ကြုံရ ဆုံရနိုင်တာ။ အကျိုးသင့် အကြောင်းသင့်သုံးသပ်ရှုမြင်နိုင်လျှင် ပြဿနာ၏ အရင်းအမြစ်ဖြေရှင်းနိုင်စရာတို့ ရှိနိုင်မည်သာ။ အဆိုးရှိလျှင် အကောင်းရှိမည်၊ အမေးရှိလျှင် အဖြေရှိမည်၊ အစရှိလျှင် အဆုံးရှိမည်၊ အကြောင်းရှိလျှင် အကျိုးရှိမည်မှာ လောက၏ နိယာမပါ။

ယခုတလော စင်တင်ပွဲများ၌ လျှမ်းလျှမ်းတောက် ဝတ်စားဆင်ယင်သကဲ့သို့ ဝတ်စားဆင်ယင် လှုပ်လှုပ်ရှားရှား သွားသွားလာလာတို့နှင့် စပ်လျဉ်း၍ ကျယ်ကျယ်လောင်လောင် အသံအချို့ ကြားလာရသည်။ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုဟူသည် ခေတ်အလိုက် လက်ဆင့်ကမ်း စီးမျောလာသည့်အရာ။ သို့သော် အရိုးကိုအရွက်မဖုံးစေဘဲ ဆန်းသစ်တီထွင်သည့် ဆင်ယင်မှုအလှထုံးဖွဲ့မှုမျိုးသာ ဖြစ်သင့်သည်ဟုဆိုလျှင် ခေတ်နောက်ပြန်ဆွဲနေသည့် ရှေးဦးအတွေးအခေါ်ဟူ၍ သုံးသပ်ကြမည်မှာ အမှန်ပါ။

ယနေ့သော် မီးရောင်စုံထိုးထားသည့် စင်ပေါ်တွင် ဝတ်ဆင်သည့် ပုံစံများမှာ ပြည်သူများအကြားသို့ အလျင်အမြန် စိမ့်ဝင်ထိုးဖောက်ရောက်လာကြပြီဖြစ်ရာ အမျိုးသားရေးကိုယ်ခံစွမ်းအားရှိဖို့ လိုမည်သာ။ အတုမြင် အတတ်သင် ဆိုသကဲ့သို့ လူသွားစင်္ကြံပေါ်၊ ကားဂိတ်၊ ဘတ်စ်ကားပေါ်တို့တွင် မကြာမတင်မီ ထိုအဆင် ထိုအမြင်များကို တွေ့မြင်နေရပြီဆိုသည်မှာ မငြင်းနိုင်ပါ။ လမ်းလျှောက်လိုက်တိုင်း၊ ခြေလှမ်းလှမ်းလိုက်တိုင်း လှုပ်ယမ်းသွားသည့် ပါးလှပ်လှပ်တို့က မြင်ကွင်းထက်က ပုံပမာပြလိုက်သည့် အနုပညာလှိုင်းရိုက်ခတ်မှု၏ ဂယက်ဖြစ်မည်သာ။

ထူးထူးခြားခြား ဆန်းဆန်းပြားပြား အလှအပများကို တပ်မက်စွဲလမ်းတတ်ကြသည်မှာ ဓမ္မတာ။ ခေတ်ပေါ်အဝတ်အစားများကို လိုက်ဖက်သည်နှင့် တွဲဖက်ဝတ်ဆင်ကြလျှင် သုံးနေကျစကားလုံးအရ လန်းလည်းလန်းမည်၊ လုံလည်းလုံနိုင်မည်မှာ အမှန်ပါ။ အမြင်လည်းမရိုင်း၊ ဆင်တိုင်းလှနိုင်သည့် ဒီဇိုင်းပုံဖော်နည်းလမ်းများလည်း ရှိကောင်းရှိနိုင်သည်သာ။ လူတိုင်းတွင် အလှကိုယ်စီရှိကြသည်ဖြစ်ရာ မိမိတို့၏အလှအပကို ထိန်းသိမ်းသင့်သည့်နေရာတွင် ထိန်းသိမ်းမှုလည်း ပိုမိုတန်ဖိုးရှိမည်ပါ။ ရုပ်ဝတ္ထုလှပရုံသာမက ကိုယ်ကျင့်တရား သိက္ခာရှိမှုလည်း အနှစ်ပါသော အလှပိုင်ရှင်များ ဖြစ်လာနိုင်မည်သာ။

ခေတ်မီခြင်း၊ ခေတ်ရှေ့ပြေးခြင်းကို ဝတ်စားဆင်ယင်မှု၊ ဂီတအနုပညာ၊ ရုပ်ဝတ္ထုသုံးစွဲမှုများဖြင့် ဆုံးဖြတ်၍ မရနိုင်သည်ကို သတိပြုကြရန်လိုအပ်သည်။ မိမိတို့၏ ယဉ်ကျေးမှု၊ ဘာသာစကား၊ ဓလေ့ထုံးတမ်း၊ ဂီတ စာပေအနုပညာ၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုတို့ကို ထိန်းသိမ်းကြရန်လည်း တာဝန်ရှိသည်။ အနာဂတ်တွင် လက်ဆင့်ကမ်း တာဝန်ယူကြမည့်သူများအနေဖြင့် မြန်မာတို့၏ ယဉ်ကျေးသိမ်မွေ့မှု၊ မျိုးရိုးဇာတိဂုဏ်မြင့်မားမှုတို့ကို အစဉ်တည်တံ့ ခိုင်ခံ့နေအောင် စွမ်းဆောင်ကြရာ၌ ပြည်သူကို နမူနာပြသော ပြကွက်များက ပဓာနကျသည်။

ခေတ်သစ် စနစ်သစ် နိုင်ငံသစ်တွင် ပြောင်းလဲမှုသည် လျင်မြန်လွန်းလှပါသည်။ ကူးစက်မှုသည်လည်း လူငယ် လူရွယ်များအနေဖြင့် မြန်ဆန်လွန်းလှသည်။ အတုယူမှုကို ပြုကြရာ၌ မိမိ၏ဂုဏ်သိက္ခာနှင့် ကိုယ်ကျင့်တရားကို အထူးဂရုပြုကြပြီး အခြေခံမပျက်စေဘဲ ဆန်းသစ်စွာဖြင့် တီထွင်စေချင်သည်။ ယူသင့်သည်ကိုယူ မယူသင့်သည်ကို မယူစေချင်။ ပြကွက်တစ်ခုသည် လေ့လာမှုပြုရုံသာဖြစ်ပြီး ဆန်းသစ်မှုသည် ကိုယ်ပိုင်တီထွင်မှုနှင့် ပြုကြဖို့သာဖြစ်သည်။ ။

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂၄ - ၂ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၀. ၃၄၈၃	၀. ၀၃၂၉၅
တရုတ် (ယွမ်)	၆. ၂၉၇၅၂	၀. ၁၅၈၇၉
အိန္ဒိယ (ရူပီး)	၄၉. ၀၃၃၁	၀. ၀၂၀၃၉
မလေးရှား (ရင်းဂစ်)	၃. ၀၁၅၀၀	၀. ၃၃၁၆၈
စင်ကာပူ (ဒေါ်လာ)	၁. ၂၅၅၅၅	၀. ၇၉၆၄၆
ဂျပန် (ယန်း)	၈၀. ၇၆၉၈	၀. ၀၁၂၃၈
တောင်ကိုရီးယား(ဝမ်)	၁၁၂၅. ၈၈	၀. ၀၀၀၈၉
ယူရို	၀. ၇၄၃၀၀	၁. ၃၄၅၈၉
ဗြိတိသျှ (ပေါင်)	၀. ၆၃၀၂၈	၁. ၅၈၆၆၁

အင်တာနက်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးနှင့်တကွ အရှင်မြတ်များအားလုံး သာသနာတော်နှင့် သံဃာ့အဖွဲ့ အစည်းများ မဆုတ်ယုတ် မပျက်ပြားအောင် ကျင့်သုံးပြောဆို

နေပြည်တော် ဖေဖော်ဝါရီ ၂၄

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဇမ်းမော်ကျောင်းတိုက်ဆရာတော် အဘိဇဇမဟာရဋ္ဌဂုရု အဘိဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ မြွက်ကြားသည့် သာရဏီယဩဝါဒကထာမှာ အောက်ပါအတိုင်းဖြစ်သည်-

ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ သောဋ္ဌသမအစည်းအဝေးသို့ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာ ကြွရောက်တော်မူလာကြပါသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များကို စုံစုံညီညီ တွေ့ဆုံရပါသဖြင့် ဗုဒ္ဓမြတ်စွာ သာသနာတော်အတွက် အားတက်ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ရှေးဦးစွာလျှောက်ထားလိုပါသည်ဘုရား။

ဆရာတော် အရှင်မြတ်တို့ဘုရား-

မြတ်စွာဘုရားရှင်သည် ဝိနည်းသိက္ခာပုဒ်တော်ကို ပညတ်တော်မူရာ၌ အကျိုးတရားဆယ်ပါးကို ရည်ရွယ်တော်မူ၍ ပညတ်တော်မူခဲ့ပါသည်ဘုရား။ ထိုအကျိုးတရားဆယ်ပါးတို့မှာ-

(၁) **သံဃသုဋ္ဌုတာယ** = သံဃာတော်၏ ကောင်းပါပေသည်ဟု စကားတော်ကို လက်ခံနိုင်ခြင်းအကျိုး

(၂) **သံဃဖာသုတာယ** = သံဃာတော်အများ၏ ချမ်းသာစွာနေထိုင်ရခြင်း အကျိုး

(၃) **ဒုမ္မင်္ကူနံ ပုဂ္ဂလာနံ နိဂ္ဂဟာယ** = အလဇ္ဇီ ဒုသီလများကို နှိမ်နိုင်ခြင်းအကျိုး

(၄) **ပေသလာနံဘိက္ခူနံ ဖာသုဝိဟာရာယ** = သီလချစ်ခင်သူတော်စင်ရဟန်းတို့ ချမ်းသာစွာနေနိုင်ခြင်းအကျိုး

(၅) **ဒိဋ္ဌဓမ္မိကာနံ အာသဝါနံ သံဝရာယ** = ယခုဘဝ ဘေးရန်အန္တရာယ်တို့ကို စောင့်ရှောက်ပြီးဖြစ်ခြင်းအကျိုး

(၆) **သမ္ပရာယိကာနံ အာသဝါနံ ပဋိဃာတာယ** = နောင်တမလွန်ဘဝ၌ ဘေးရန်အန္တရာယ်ကို ပယ်နိုင်ခြင်းအကျိုး

(၇) **အပ္ပသန္နာနံ ပသာဒါယ** = သာသနာတော်၌ မကြည်ညိုသေးသူများကို ကြည်ညိုလာစေခြင်းအကျိုး

(၈) **ပသန္နာနံ ဘိယျော ဘာဝါယ** = ကြည်ညိုပြီးသူများကို သဒ္ဓါတရားတိုးပွားစေခြင်းအကျိုး

(၉) **သဒ္ဓမ္မဋ္ဌိတိယာ** = သူတော်ကောင်းတရား၏ တည်တံ့ခြင်းအကျိုး

(၁၀) **ဝိနယာနုဂ္ဂဟာယ** = ဝိနည်းကိုယ်ကျင့်တရားများကို ချီးမြှောက်ခြင်းအကျိုး တို့ဖြစ်ပါသည်။

မြတ်စွာဘုရားရှင်၏ ဝိနည်းသိက္ခာပုဒ်တော်များသည် သာသနာ့ဝန်ထမ်းရှင်ရဟန်းများအား ပစ္စုပ္ပန်ဘဝ တမလွန်ဘဝတို့၌ ကျရောက်တတ်သည့်ဘေးအန္တရာယ်များကို တားဆီးကာကွယ်စောင့်ရှောက်သည့် သိက္ခာပုဒ်တော်များ ဖြစ်ပါသည်ဘုရား။ မြတ်စွာဘုရားရှင်၏ ဝိနည်းသိက္ခာပုဒ်တော်များကို လိုက်နာကျင့်သုံးကြသည့် သာသနာ့ဝန်ထမ်း ရှင်ရဟန်းများသည် ဘေးရန်မသန်း ကျန်းမာချမ်းသာစွာ ဂန္ထဓုရ၊ ဝိပဿနာဓုရ သာသနာ့တာဝန်ကို ထမ်းဆောင်နိုင်ကြမည် ဖြစ်ပါသည်ဘုရား။

ဆရာတော် အရှင်မြတ်တို့ဘုရား-

ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးက သတ်မှတ်ပြဋ္ဌာန်းထားသော သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းသည်လည်းကောင်း၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့က သတ်မှတ်ပြဋ္ဌာန်းထားသော သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်း၊ ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်း၊ ဝိနိစ္ဆယလက်စွဲတို့သည် လည်းကောင်း၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က အခါအားလျော်စွာ ထုတ်ပြန်ညွှန်ကြားသည့် ညွှန်ကြားလွှာများသည်လည်းကောင်း၊ ဝိနယာနုလောမဖြစ်၍ သာသနာ့ဝန်ထမ်းရှင်ရဟန်းများကို အကာအကွယ်ပေးထားသည့် သတ်မှတ်ပြဋ္ဌာန်းချက်များပင် ဖြစ်ပါသည်ဘုရား။

ယခုအခါ အချို့သော သာသနာ့ဝန်ထမ်း ရှင်ရဟန်းများသည် ဂန္ထဓုရ၊ ဝိပဿနာဓုရ သာသနာ့တာဝန်နှစ်ရပ်ကို ကျော်လွန်၍ မိမိတို့လုပ်ငန်းမဟုတ်သည့် လောကီလူမှုရေး၊ နိုင်ငံရေးဆိုင်ရာကိစ္စများကို ပြုလုပ်လာကြသည့်အပြင် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်ကိုပါ မထေမဲ့မြင်ပြုလုပ်လာသဖြင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အနေဖြင့် သံဃာ့အဖွဲ့အစည်းဆိုင်ရာဥပဒေဖြင့် အရေးယူဆောင်ရွက်ခဲ့ရမှုများ ရှိပါသည်ဘုရား။

ထို့အပြင် နိုင်ငံတော်အစိုးရက သတ်မှတ်ပြဋ္ဌာန်းထားသည့် ပြစ်မှုဆိုင်ရာဥပဒေများကို ကျူးလွန်သဖြင့် ပြစ်မှုဆိုင်ရာဥပဒေဖြင့် အရေးယူအပြစ်ပေးမှုများလည်းရှိခဲ့ပါသည်ဘုရား။

ဆရာတော် အရှင်မြတ်တို့ဘုရား-

မြတ်စွာဘုရားရှင်သည် အင်္ဂုတ္တရနိကာယ်၊ သတ္တကနိပါတ်၊ ဒုတိယသောဝစဿတာသုတ်၌-

သတ္ထုဂါရဝ ဓမ္မဂါရဝ၊ သံဃေ စ တိဗ္ဗဂါရဝေါ။
သမာဓိဂရု အာတာပီ၊ သိက္ခာယ တိဗ္ဗဂါရဝေါ။
ကလျာဏမိတ္တော သုဝစော၊ သပ္ပတိဿော သဂါရဝေါ။
အဘဗ္ဗော ပရိဟာနာယ ၊ နိဗ္ဗာနဿေဝ သန္တိကေ။ ။

ဟူ၍ရဟန်းတော်များရရှိပြီးဂုဏ်မှ မဆုတ်ယုတ်ရန် တရား (၇)ပါးကို ဟောကြားတော်မူခဲ့ပါသည်။

သတ္ထုဂါရဝ	=	မြတ်စွာဘုရား၌ အလေးဂရုပြုခြင်းရှိသော။
ဓမ္မဂါရဝ	=	တရားတော်၌ အလေးဂရုပြုခြင်းရှိသော။
သံဃေ စ	=	သံဃာတော်၌လည်း။ တိဗ္ဗဂါရဝေါ = ကြီးမားထက်သန်သော အလေးဂရုပြုခြင်းရှိသော။
သမာဓိဂရု	=	သမာဓိ၌ အလေးပြုခြင်းရှိသော။
အာတာပီ	=	ပြင်းထန်သော လုံ့လဝီရိယရှိသော။
သိက္ခာယ	=	အကျင့်သိက္ခာ၌ တိဗ္ဗဂါရဝေါ = ကြီးမားထက်သန်သော အလေးဂရုပြုခြင်းရှိသော။
ကလျာဏမိတ္တော	=	မိတ်ဆွေကောင်းရှိသော။
သုဝစော	=	ဆိုဆုံးမလွယ်ကူသူ လူလိမ္မာ၏ယဉ်ကျေးလေးစားမှု အပြုအမူရှိသော။
သပ္ပတိဿော	=	အလေးဂရုပြုထိုက်သူတို့ကို ရိုသေတုပ်ကွဦးနှိမ်ချခြင်း ရှိသော။
သဂါရဝေါ	=	အလေးဂရုပြုထိုက်သူတို့၌ အလေးဂရုပြုခြင်းရှိသော။
ဘိက္ခု	=	ရဟန်းသည်။
ပရိဟာနာယ	=	ရရှိပြီးသောဂုဏ်မှ ဆုတ်ယုတ်ခြင်းငှာ။
အဘဗ္ဗော	=	မထိုက်။
နိဗ္ဗာနဿေဝ	=	နိဗ္ဗာန်၏သာလျှင်။
သန္တိကေ	=	အနီး၌
စရတိ	=	ဘေးရန်ခပ်သိမ်းအေးငြိမ်းချမ်းသာ သွားလာလှည့်လည် ရပေသတည်း။

ဤလျှောက်ထားခဲ့ပြီးသော တရား (၇)ပါးတို့သည် ရဟန်းတော်များအားလုံးတို့အတွက် ရရှိပြီးသောဂုဏ်မှ မဆုတ်ယုတ်ရန် လွန်စွာလိုအပ်လှပါသည်ဘုရား။ ဤ တရား (၇)ပါးတို့အနက် ဘုရား၊ တရား၊ သံဃာ၌ ရိုသေလေးစားခြင်းတို့ကို အထူးလျှောက်ထားဖို့မလိုတော့ပါဘုရား။

စတုတ္ထဖြစ်သည့် သိက္ခာဂါရဝတာ၌ ရဟန်းတော်တိုင်း ရဟန်းတော်တိုင်း မိမိကျင့်ရမည့် အကျင့်သိက္ခာ၌ မရိုသေ မလေးစားခြင်းကြောင့် သာသနာတော်၌ မလိုလားအပ်သောကိစ္စများ ပေါ်ပေါက်လာရပါသည်ဘုရား။ ရဟန်းတော်တိုင်း ရဟန်းတော်တိုင်း အကျင့်သိက္ခာ၌ ရိုသေလေးစားနေကြပါလျှင် သာသနာတော်၌ မလိုလားအပ်သောကိစ္စများ ပေါ်ပေါက်လာဖွယ်မရှိပါဘုရား။

ထို့ကြောင့် တပည့်တော်တို့ နိုင်ငံတော်သံဃမဟာနာယကဆရာတော်များသည် မိမိတို့ကိုယ်တိုင်လည်း အကျင့်သိက္ခာ၌ ရိုသေလေးစားမှုရှိရမည်။ အကျင့်သိက္ခာအပေါ်ဝယ် ရိုသေလေးစားမှု၌ ချီးမွမ်းဖွယ်ဂုဏ်ကို ပြောဆိုပေးကြရမည်။ အကျင့်သိက္ခာ၌ ရိုသေလေးစားခြင်းမရှိသေးသော ရဟန်းတို့ကို အကျင့်သိက္ခာ၌ ရိုသေလေးစားမှုရှိလာအောင်၊ ကောင်းစွာခံယူကျင့်သုံးနိုင်အောင် တိုက်တွန်းဟောပြောပေးကြရမည်။ အကျင့်သိက္ခာ၌ ရိုသေလေးစားခြင်းရှိပြီးသော ရဟန်းတို့၏ ချီးမွမ်းဖွယ်ဂုဏ်ကိုလည်း ဟုတ်မှန်သည့်အတိုင်း ပြောသင့်ပြောထိုက်ရာအခါ၌ ပြောဆိုပေးကြရမည်ဖြစ်ပါသည်။

ဆရာတော် အရှင်မြတ်တို့ဘုရား-

ပဉ္စမ သမာဓိဂါရဝတာအရ သမာဓိ၌ ရိုသေလေးစားမှုရှိမှသာ လူရှင်ရဟန်းတို့ ကြည်ညိုလေးစားထိုက်သော ပုဂ္ဂိုလ်ဖြစ်နိုင်ပါသည်။ သမာဓိ၌ မရိုသေမလေးစားလျှင် လူရှင်ရဟန်းတို့ ကြည်ညိုလေးစားကြမည်မဟုတ်ပါ။ သို့ဖြစ်ပါ၍ ရဟန်းတော်တိုင်း ရဟန်းတော်တိုင်း သမာဓိရှိရှိ ကျင့်သုံးနေထိုင်ရန် လိုအပ်လှပါသည်ဘုရား။

ဆဋ္ဌသောဝစဿတာ ဂုဏ်နှင့်ပြည့်စုံရန်လည်း လိုအပ်လှပါသည်။ အာစရိယ အာစရိယမတ္တဖြစ်သော အလေးဂရုပြုထိုက်သော ဆရာတော်များ ဆိုဆုံးမသော စကားကို ရိုရိုသေသေ လွယ်ကူစွာ လိုက်နာကျင့်သုံးနေကြပါလျှင် အမှားအယွင်းနည်းပါး၍ အများ၏ကြည်ညိုလေးစားမှုကို ရနိုင်ကြမည်ဖြစ်ပါသည်ဘုရား။

သတ္တမကလျာဏမိတ္တတာ ဂုဏ်နှင့်လည်း ပြည့်စုံအောင် သတိပြုရမည် ဖြစ်ပါသည်။ ကလျာဏမိတ္တတာမဖြစ်ဘဲ ပါပမိတ္တတာဖြစ်နေလျှင် ထိုပုဂ္ဂိုလ်အတွက် ဆုတ်ယုတ်ပျက်စီးဖို့သာ ဖြစ်ပါသည်။ သို့ဖြစ်၍ သာသနာပြုရာ၌ လုပ်ငန်းကိစ္စ ချောမောအောင်မြင်အောင် အားကိုးအားထားပြုရမည့် မိတ်ဆွေကောင်းများကို ရွေးချယ်ပေါင်းသင်းရန် လိုအပ်လှပါသည်ဘုရား။

ဆရာတော် အရှင်မြတ်တို့ဘုရား-

တပည့်တော်တို့၏ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးနှင့်တကွ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် ပါဝင်တော်မူကြသော အရှင်မြတ်များ၊ သံဃာ့အဖွဲ့အစည်းတွင် မပါဝင်သော အရှင်မြတ်များအားလုံးတို့သည် သာသနာတော်ကြီး မဆုတ်ယုတ် မပျက်ပြားအောင်၊ သံဃာ့အဖွဲ့အစည်းများ မဆုတ်ယုတ်မပျက်ပြားအောင် မြတ်စွာဘုရားရှင်ဟောကြားတော်မူသည့် သတ္ထုဂါရဝတာစသော တရား(၇)ပါးနှင့် မိမိတို့လည်း ပြည့်စုံအောင် ကျင့်သုံးခြင်း၊ ထိုတရား (၇)ပါးနှင့် ပြည့်စုံခြင်း၌ ချီးမွမ်းဖွယ်ဂုဏ်ကို ပြောဆိုခြင်း၊ ထိုတရား(၇)ပါးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်တို့၏ ချီးမွမ်းဖွယ်ဂုဏ်ကိုလည်း ပြောဆိုသင့် ပြောဆိုထိုက်ရာအခါ၌ ပြောဆိုခြင်းဖြင့် သာသနာပြုတော်မူကြပါဟု တိုက်တွန်းလျှောက်ထားလျက် တပည့်တော်၏ သာရဏီယဩဝါဒကထာကို နိဂုံးချုပ်အပ်ပါသည် ဆရာတော် သံဃာတော်အရှင်မြတ်တို့ဘုရား။ ။

မန္တလေးကုန်စည်ဈေးနှုန်း

၂၄-၂-၂၀၁၂

ရွှေဈေး

အခေါက်ရွှေ(အဆင့်-၁)	၇၅၈၀၀၀
အခေါက်ရွှေ(အဆင့်-၂)	၇၅၇၀၀၀
ရွှေဒင်္ဂါး (ရွှေရည်မီ)	၆၈၁၅၀၀

ဆန်ဈေး
(သန့်စင်ပြီး တစ်တင်းခွဲအိတ်ဈေးနှုန်း)

ပေါ်ဆန်းမွှေး	၃၀၀၀၀
ရွှေဘိုမနော်	၁၈၀၀၀
မဂျမ်းတော	၂၀၀၀၀
စောရှုပ်(ဟောင်း)	၂၅၀၀၀
စောရှုပ်(သစ်)	၂၁၀၀၀
ပေါ်ကျွဲ(ဟောင်း)	၂၂၀၀၀
ပေါ်ကျွဲ(သစ်)	၁၉၅၀၀
ဇီယာ(ဟောင်း)	၂၁၅၀၀
ဇီယာ(သစ်)	၁၅၅၀၀
ငစိန်	၁၂၅၀၀/၁၃၀၀၀
ရောမင်း(သစ်)	၁၇၀၀၀/၁၈၀၀၀
သုခ-မတ္တရာ	၁၃၀၀၀/၁၄၀၀၀
ရွှေသွယ်	၁၂၀၀၀/၁၃၀၀၀

ဆီဈေး

ပဲဆီ	၃၂၀၀/၃၇၀၀
နှမ်းဆီ	၂၅၀၀/၂၅၅၀
ပန်းနှမ်းဆီ	၂၅၅၀/၂၆၀၀
နေကြာဆီ	၂၄၀၀/၂၆၀၀
မုန်ညင်းဆီ	၂၆၀၀/၂၆၀၀
ပဲပုပ်ဆီ	၁၈၀၀/၁၈၀၀
ဝါစေ့ဆီ	၁၇၀၀/၁၇၅၀
စားအုန်းဆီ	၁၈၈၀/၁၈၉၀

(၀၀၂)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၅-၂-၂၀၁၂ (စနေနေ့)

၇း၃၀	မြန်မာ့ရှုခင်း
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၅	မြန်မာစာ မြန်မာစကား(အပိုင်း-၁၀)
၁၁း၂၅	ကာတွန်းအစီအစဉ် -ကြောင်ကလေးအော်ဂီနှင့် ပိုးဟပ်ရုပ်ကလေးများ (အပိုင်း-၃၃)
၁၂း၀၀	**မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် -မဟာရန်သူအချစ်တော်ကြီး (မြင့်မြတ်၊ ခိုင်သင်းကြည်နှင့် သရုပ်ဆောင်များ) (ဒါရိုက်တာ-မိုက်တီး)**
၂း၀၀	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရှင်သန်နေသရွေ့ (အပိုင်း-၂)**
၄း၃၅	ကုန်သွယ်သုတ
၄း၅၀	၂၀၁၂ တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ (သမိုင်း)
၅း၃၀	ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၆း၂၀	စားဖိုဆောင်ချစ်သူ
၆း၄၀	ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
၇း၀၀	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -သစ္စာစေတမန်(အပိုင်း-၂၀)**
၈း၀၀	-မြဝတီရုပ်မြင်သံကြားသတင်း -လူ့ရှင်တော်စတား -လျှပ်တစ်ပြက် -ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် **-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း 'တစ်နေ့သောအခါ' (အပိုင်း-၁၉) -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း 'အရုဏ်ဦးရဲ့လင်းသံစဉ်' (အပိုင်း-၄)**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး (၁၅)ရက်မြောက်နေ့ ဆက်လက်ကျင်းပ

အဆို(၁)ခု ပြင်ဆင်တင်သွင်းဆွေးနွေး၊ အဆိုအသစ်(၁)ခု တင်သွင်း၊ ဥပဒေကြမ်း(၂)ခု ရှင်းလင်းတင်ပြ

နေပြည်တော် ဖေဖော်ဝါရီ ၂၄

ယနေ့ ပြည်ထောင်စုလွှတ်တော်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်နှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် (၅၃၁)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေး၌ အဆို(၁)ခုပြင်ဆင်တင်သွင်းခြင်းနှင့် ၎င်းအဆိုအား ဆွေးနွေးခြင်း၊ အဆိုအသစ်(၁)ခု တင်သွင်းခြင်းနှင့် ဥပဒေကြမ်း(၂)ခု ရှင်းလင်းတင်ပြခြင်းတို့ကို ဆောင်ရွက်ကြသည်။

အဆိုပြင်ဆင်တင်သွင်းခြင်းကဏ္ဍ၌ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးသိန်းဝင်းက ယမန်နေ့ကတင်သွင်းခဲ့သော အဆိုနှင့်စပ်လျဉ်း၍ **ဘဏ္ဍာရေးနှစ်အလိုက် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းကို စဉ်းစားရာတွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်တွင် ပါဝင်သည့် အဖွဲ့အစည်းများ၏ရငွေများ အမှန်တကယ်ရရှိမှုနှင့် သုံးငွေများစနစ်တကျသုံးစွဲမှုတို့ကို သိရှိရန်လိုအပ်သကဲ့သို့ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းကို စဉ်းစားရာတွင်လည်း ယခင် ဘဏ္ဍာရေးနှစ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေအပေါ် အခြေခံစဉ်းစားရမည်ဖြစ်ပါသည်။ သို့ပါ၍ ဥပဒေဖြင့်ပြဋ္ဌာန်းထားသော ရငွေသုံးငွေများကို ခြောက်လ တစ်ကြိမ်စစ်ဆေးပြီး ပြည်ထောင်စုလွှတ်တော်သို့တင်ပြရန်နှင့် ပြည်ထောင်စုလွှတ်တော်က တောင်းခံမည့် အခြားစာရင်းစစ် အစီရင်ခံစာများကိုလည်း အချိန်မီတင်ပြနိုင်ရေး ပြည်ထောင်စုအစိုးရအဖွဲ့အား တိုက်တွန်းကြောင်း** ပြင်ဆင်ချက်အဆိုကို တင်သွင်းရာ လွှတ်တော်က အတည်ပြုသည်။

အဆိုဆွေးနွေးခြင်းကဏ္ဍ၌ အဆိုရှင် ဦးသိန်းဝင်း၏ ပြင်ဆင်ချက်အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်(၃)ဦးက ဆွေးနွေးကြသည်။

ထိုသို့ဆွေးနွေးရာတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦးက စာရင်းနှင့်တွဲလျက်ပါရှိသည်မှာ အချိန်ကာလဖြစ်ပါကြောင်း၊ စာရင်းစစ်အစီရင်ခံစာကို အချိန်မီတင်ရပါကြောင်း၊ ဝန်ကြီးဌာနများက ငွေစာရင်းများကို အဆင့်ဆင့်စိစစ်ပြီး စာရင်းစစ်ချုပ်ရုံးသို့ ပေးပို့ပြီးနောက် စာရင်းစစ်ချုပ်ရုံးက စနစ်တကျစိစစ်၍ စာရင်းစစ်အစီရင်ခံစာတင်ပြရပါကြောင်း၊ အမှန်တကယ်လိုအပ်သည့် လုပ်ငန်းဖြစ်သည့်အတွက် အဆိုကို ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ်ထန်းက အစိုးရ၏ စီမံခန့်ခွဲမှုနှင့် ငွေကြေးသုံးစွဲမှုများ စနစ်တကျဖြစ်စေရန် စာရင်းစစ်အစီရင်ခံစာကို ပြည်ထောင်စုလွှတ်တော်က စေ့စပ်သေချာစွာ စိစစ်နိုင်ရန်လိုပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆိုင်ပေါင်းနပ်က ဦးသိန်းဝင်း၏ အဆိုသည် ပြည်ထောင်စုဗဟိုအဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများအားလုံး၏ လုပ်ငန်းသဘောသဘာဝများကို ထင်ဟပ်စေပြီး လက်တွေ့ကျသောလုပ်ငန်းဖြစ်သည့်အတွက် သင့်လျော်ကောင်းမွန်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ဒုတိယစာရင်းစစ်ချုပ် ဦးမျိုးမြင့်က ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသည် ဝန်ထမ်းဖွဲ့စည်းပုံအင်အား၏ သုံးပုံနှစ်ပုံဘောင်အတွင်း ဝန်ထမ်းများခန့်ထား၍ လုပ်ငန်းများဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ဘဏ္ဍာရေးစာရင်းများစစ်ဆေးခြင်းနှင့် လုပ်ငန်းဆောင်ရွက်မှုစစ်ဆေးခြင်းကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်တွင် ပါဝင်သည့် အဖွဲ့အစည်းများ၏ ရငွေများ အမှန်တကယ်ရရှိမှု ရှိ/မရှိနှင့် သုံးစွဲငွေများ စနစ်တကျသုံးစွဲမှု ရှိ/မရှိ ဆိုသည်တို့ကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက စစ်ဆေး၊ အစီရင်ခံနိုင်ရေးအတွက် အခြေခံလိုအပ်ချက် နှစ်ခုရှိပါကြောင်း၊ ၎င်းတို့မှာ လုပ်ငန်းများ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်သည့် အစိုးရဌာနအဖွဲ့အစည်းများက သတ်မှတ်ကာလအတွင်း စာရင်းများရေးဆွဲပြီးစီးနိုင်ရေးနှင့် အစိုးရဌာနအဖွဲ့အစည်းများက ရေးဆွဲထားသည့် စာရင်းများကို ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန(ရုံးချုပ်)က သတ်မှတ်ကာလအတွင်း ပေါင်းချုပ်နိုင်ရေးတို့ဖြစ်ပါကြောင်း။

ဖော်ပြပါ အခြေခံလိုအပ်ချက်နှစ်ခုပြည့်စုံပါက ဤရုံးအနေဖြင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်တွင်ပါဝင်သည့် အဖွဲ့အစည်းများ၏ ရငွေ၊ သုံးငွေစာရင်းများကို စစ်ဆေးအစီရင်ခံနိုင်မည် ဖြစ်ပါကြောင်း၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေအရအသုံးဆိုင်ရာ စာရင်းများကိုစစ်ဆေး၍ အစီရင်ခံတင်ပြခြင်းကို နောက်ဘဏ္ဍာရေးနှစ် နိုဝင်ဘာ/ဒီဇင်ဘာလအတွင်း တင်ပြနိုင်ရန် စီစဉ်ဆောင်ရွက်နေပါကြောင်း။

လက်ရှိအားဖြင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် စာရင်းစစ်ရုံးအဆင့်ဆင့်၏

ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးသို့ တက်ရောက်လာကြစဉ်။ (သတင်းစဉ်)

ဝန်ထမ်းအင်အားဖြင့် ဘဏ္ဍာရေးစာရင်းစစ်ဆေးခြင်းနှင့် လုပ်ငန်းဆောင်ရွက်မှုစစ်ဆေးခြင်းများကို ဆက်စပ်ဆောင်ရွက်လျက်ရှိရာတွင် ပြီးခဲ့သည့်ဘဏ္ဍာရေးနှစ်မှစ၍ (၆)လတစ်ကြိမ်ဖြတ်ကာ ဘဏ္ဍာရေးစာရင်းများစစ်ဆေးခြင်းကို စမ်းသပ်ဆောင်ရွက်ခဲ့ပါကြောင်း၊ ထိုသို့(၆)လဖြတ်၍ ဘဏ္ဍာရေးစာရင်းများကို စမ်းသပ်စစ်ဆေးရာမှ ပေါ်ထွက်လာသည့် လုပ်ငန်းရလဒ်ကို စိုက်ထုတ်သုံးစွဲရသည့် စစ်ဆေးရေးအင်အား သွင်းအားစုဖြင့် နှိုင်းယှဉ်ပါက ပထမ(၆)လ၏ အခြေအနေ၊ Cash Flow အခြေအနေ၊ စာရင်းများ၏ အနေအထားတို့ကြောင့် သင့်မြတ်ထိုက်တန်မှုမရှိသည်ကို လေ့လာတွေ့ရှိရပါကြောင်း။

စစ်ဆေးရသည့် စာရင်းများ၏ အနေအထားအများစုသည် On going ကာလအတွင်းတွင် အချိန်မီသရွေ့ ရသမျှကိန်းဂဏန်းများဖြင့် ရေးဆွဲထားသည့် စာရင်းများ၊ ညှိနှိုင်းပြင်ဆင်မှုများ၊ မစုံလင်သေးသည့် စာရင်းများ၊ ခေါင်းစဉ်လွှဲပြောင်းသုံးစွဲမှုများ မပြုလုပ်ရသေးသည့်စာရင်းများဖြစ်နေပါကြောင်း၊ သို့ပါ၍ လာမည့်ဘဏ္ဍာရေးနှစ်တွင် (၆)လ ခါးလယ်ဖြတ်၍ ဘဏ္ဍာရေးစာရင်းများစစ်ဆေးခြင်းကို ဌာနရွေးချယ်၍ လိုအပ်သည့်ဌာနများကိုသာ စစ်ဆေးသွားရန်နှင့် လုပ်ငန်းစစ်ဆေးခြင်း၊ စီမံကိန်းအကောင်အထည်ဖော်မှု စစ်ဆေးရေးများကို ပိုမိုဇောင်းပေးဆောင်ရွက်ရန် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက စီမံစိုင်းပြင်းလျက်ရှိပါကြောင်း။

ထိုကဲ့သို့ လုပ်ငန်းဆောင်ရွက်မှုစစ်ဆေးခြင်းဖြင့် ရရှိသောအကျိုးရလဒ်သည် ပိုမိုကောင်းမွန် ထိရောက်ကြောင်းကိုလည်း ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်ကြီးများသိရှိပြီး ဖြစ်ပါကြောင်း၊ အပြည်ပြည်ဆိုင်ရာ စာရင်းစစ်ချုပ်ရုံးများအနေဖြင့်လည်း လုပ်ငန်းဆောင်ရွက်မှုစစ်ဆေးခြင်းကို အဓိကထားပြီး ပိုမိုအားစိုက် လုပ်ဆောင်နေကြပါကြောင်း၊ ၎င်းတို့အနေဖြင့် နိုင်ငံတော်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စာရင်းများကို နှစ်စဉ်သာ စစ်ဆေးတင်ပြလျက်ရှိပါကြောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ဒေသဆိုင်ရာ စာရင်းစစ်ချုပ်ရုံး အဆင့်အဆင့်အနေဖြင့် ဖွဲ့စည်းပုံအင်အား၏ သုံးပုံနှစ်ပုံအင်အားဖြင့် ဘဏ္ဍာရေးစာရင်းစစ်ဆေးခြင်းနှင့် လုပ်ငန်းဆောင်ရွက်မှုစစ်ဆေးခြင်းကို ဟန်ချက်ညီညီ ပေါင်းစပ်ထိန်းညှိဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်မှသာ ပြည်သူများအတွက် အကျိုးရှိသော စစ်ဆေးတွေ့ရှိချက်များ ထွက်ပေါ်လာမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍အဆိုကို ရုပ်သိမ်းသင့်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

အဆိုရှင် ဦးသိန်းဝင်းက ပြန်လည်ရုပ်သိမ်းလိုခြင်းမရှိပါကြောင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူလိုကြောင်းတင်ပြရာ ထောက်ခံဆန္ဒမဲများသည့်အတွက် အဆိုကို လွှတ်တော်က အတည်ပြုဆုံးဖြတ်သည်။

အဆိုတင်သွင်းခြင်းကဏ္ဍ၌ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့်က ပြည်သူ့လုပ်ငန်းဌာန ကိုဒ်ဥပဒေ (PWD Code) နှင့် ပြည်သူ့လုပ်ငန်းငွေစာရင်း ကိုဒ်ဥပဒေ (PWA Code)များပါ ပြဋ္ဌာန်းထားချက်များကို ပြင်ဆင်ရန်နှင့် ပြင်ဆင်ပြီး ပြဋ္ဌာန်းချက်စာအုပ်များ ပြန်လည်ပုံနှိပ်ထုတ်ဝေနိုင်ပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း အဆိုကို တင်သွင်းသည်။

အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်းနှင့် ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ယနေ့အစည်းအဝေးအပြီးတွင် အမည်စာရင်း ပေးပို့ကြရန်ဖြစ်ကြောင်း သိရသည်။

ဥပဒေကြမ်းရှင်းလင်းတင်ပြခြင်းကဏ္ဍ၌ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များကို ဥပဒေကြမ်းပူးပေါင်းကော်မတီဒုတိယဥက္ကဋ္ဌ ဦးစံထွန်းက လည်းကောင်း၊ **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေကြမ်းနှင့်** စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များကို ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ဒေါက်တာစိုးမိုးအောင်က လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့် အချက်များကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ဆွေးနွေးလိုသည့် အကြောင်းအရာအကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ယနေ့အစည်းအဝေးအပြီးတွင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း သိရှိရသည်။

ယနေ့ အစည်းအဝေးကို မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် ရပ်နားပြီး အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များကို ပုသိမ်ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံမှ UHF စနစ်ဖြင့် ပြောင်းလဲထုတ်လွှင့်

နေပြည်တော် ဖေဖော်ဝါရီ ၂၄

ဧရာဝတီတိုင်းဒေသကြီးရှိ ပုသိမ်ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံမှ မြန်မာ့ရုပ်မြင်သံကြား (MRTV) အစီအစဉ်များကို လွှင့်အား 3 KW (VHF စနစ် Channel 4) ဖြင့် ထုတ်လွှင့်လျက်ရှိရာ ပြည်သူလူထုမှ အရည်အသွေးပိုမိုကောင်းမွန်စွာနှင့် လွှင့်အားပျံ့နှံ့မှု (Coverage) ပိုမိုဖမ်းယူနိုင်စေရန်အတွက် ၁၉-၂-၂၀၁၂ ရက်မှစ၍ လွှင့်အား 3 KW (UHF စနစ် Channel J-17) ဖြင့် Antenna Pattern ပြောင်း၍ ထုတ်လွှင့်လျက်ရှိသည်။ 3 KW UHF စနစ်ဖြင့် ထုတ်လွှင့်မှုကို ပုသိမ်၊ ငပုတောနှင့် မြောင်းမြမြို့နယ်များမှ ရုပ်/သံအစီအစဉ်များကို ကြည်လင်ပြတ်သားစွာ ဖမ်းယူကြည့်ရှုနိုင်ပြီဖြစ်သည်။ ပုသိမ်မြို့မှ မိုင် ၃၀ အတွင်းရှိ ငပုတောနှင့် မြောင်းမြမြို့တို့၏ တောင်ဘက်ပိုင်း ကျေးရွာအုပ်စုများမှလည်းကောင်း၊ သာပေါင်းမြို့မှလည်းကောင်း UHF Outdoor Antenna (11 Bar) ကို Booster တွဲဖက်၍ ဖမ်းယူခြင်းဖြင့် အရည်အသွေးကောင်းမွန်စွာ ရရှိနိုင်မည်ဖြစ်သည်။

ပုသိမ်ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံမှ ယခင်ထုတ်လွှင့်သည့် VHF စနစ် Channel-4 နှင့် ယခုထုတ်လွှင့်သည့် UHF စနစ် Channel J-17 တို့ကို ၂၉-၂-၂၀၁၂ ရက်ထိ အပြိုင်ထုတ်လွှင့်ပေးမည်ဖြစ်ပြီး ၁-၃-၂၀၁၂ ရက်မှစ၍ 3 KW UHF (Channel J-17) လွှင့်စက်တစ်လုံးတည်းဖြင့် ပြောင်းလဲထုတ်လွှင့်သွားမည်ဖြစ်ကြောင်းနှင့် ၁-၃-၂၀၁၂ ရက်မှစ၍ UHF Antenna များဖြင့်သာ ဖမ်းယူကြည့်ရှုနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ပထမအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး (တတိယနေ့)ကျင်းပစဉ်။ (သတင်းစဉ်)

ပထမအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး တတိယနေ့ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ပထမအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန် အစည်းအဝေး တတိယနေ့ကို ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းတင်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ယင်းနောက် တက်ရောက်လာကြသော လွှတ်တော်ကိုယ်စားလှယ်များက အဆိုမှမေးခွန်းသို့ ပြောင်းလဲခြင်း(၁)ခု၊ မေးခွန်း(၇)ခု၊ အဆို(၃)ခုနှင့် ပထမအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ တင်သွင်းခဲ့သော အဆို(၃)ခုအား ပြန်လည်ဆွေးနွေး၍ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း၊ အဆိုများကို သက်ဆိုင်ရာဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းခြင်းနှင့် မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး အစည်းအဝေးကို မွန်းလွဲ ၁ နာရီ မိနစ် ၅၀ တွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံဆရာဝန်အသင်း ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) ဂေါက်သီးရိုက်အဖွဲ့၏ လစဉ်ကျင်းပမြဲဖြစ်သော ဂေါက်သီးရိုက်ပြိုင်ပွဲအတွက် ဖေဖော်ဝါရီ ဂေါက်သီးရိုက်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၆ ရက်(တနင်္ဂနွေနေ့)နံနက် ၅ နာရီခွဲတွင် YCDC (မြကန်သာ) ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်ဆရာဝန်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

သစ်ပင်စိုက်ပါ
ဒို့ကမ္ဘာ
သာယာလှပ
စိမ်းမြမြ

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တန့်ယန်းမြို့ မဟာဝိဟာရ (အောင်မင်္ဂလာ)ကျောင်းတိုက်အတွင်း ဘုန်းတော်ကြီးကျောင်း ပညာသင်ကျောင်းဆောင်သစ်ဆောက်လုပ်နေမှုကို ကြည့်ရှုစဉ်။

(သတင်းစဉ်)

❑ ကျောဖုံးမှ

ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း(ငြိမ်း)-ဒေါ်စန်းစန်းရီ မိသားစု၊ (ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို)-ဒေါ်ခင်လေးမြင့် မိသားစု၊ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း(ငြိမ်း)-ဒေါ်မာလာတင့် မိသားစု၊ ဗိုလ်ချုပ်တင်ဌေ (ငြိမ်း)-ဒေါ်နန်းခင်လှဝင်း မိသားစုနှင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်(ငြိမ်း)-ဒေါက်တာဒေါ်တင်လင်းမြင့် မိသားစုတို့က ငွေကျပ် ၁၉ သိန်း၊ မတ် ၁ ရက် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ ပြန်ကြွမည့်နေ့အတွက် ဦးတင်ဝင်း-ဒေါ်သိန်းသိန်းဦး သမီး ဒေါက်တာသင်းယုအောင် မိသားစုက ငွေကျပ် ၁၀ သိန်းနှင့် တိပိဋကဆရာတော်ကြီးများအား အမှူးထား၍ တိပိဋက နိကာယ သာသနာပြု ဥပဋ္ဌာကအဖွဲ့က သောက်ရေသန့် စက်တစ်လုံးအတွက် ငွေကျပ် ၁၀ သိန်း တို့ကို ပေးအပ်လှူဒါန်းကြသည်။

နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီးများအား အလှူရှင်များက နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။ (သတင်းစဉ်)

◆ ၂၀၁၅ မှ

အတိုး ၃၀ ရာခိုင်နှုန်းခန့်ဖြစ်၍ ဆင်းရဲသူများအတွက် များစွာသက်သာပြီး များစွာ အထောက်အကူပြုနိုင်မည် ဖြစ်ကြောင်း။

ထို့ကြောင့် နယ်မြေခံစီးပွားရေးလုပ်ငန်းရှင်များ၏ ပူးပေါင်းပါဝင်မှုသည် များစွာအဓိကကျကြောင်း၊ အသေးစားငွေစုငွေချေးလုပ်ငန်း၏ အားသာချက်များမှာ အတိုးနှုန်းသက်သာခြင်း၊ လုပ်ငန်းလျင်မြန်စွာ ဆောင်ရွက်နိုင်ခြင်း၊ မည်သူမဆို စိတ်ဆန္ဒ တူညီသူများအချင်းချင်း ဖွဲ့စည်းပြီး အချင်းချင်းအပြန်အလှန်တာဝန်ယူဆောင်ရွက်ရခြင်း၊ လုပ်ငန်းမှတ်ပုံတင်ရန်သာလိုအပ်ပြီး လုပ်ထုံးလုပ်နည်းများ မရှုပ်ထွေးခြင်း၊ ငွေအရင်း အနှီး များပြားလာသည်နှင့်အမျှ အသေးစားဘဏ်တစ်ခုကဲ့သို့ ဆောင်ရွက်နိုင်ခြင်း၊ မိမိဒေသတွင်း ငွေကြေးချို့တဲ့သူများအား တိုက်ရိုက်အကျိုးဖြစ်ထွန်းစေခြင်းတို့ ဖြစ်ကြောင်း။

ငွေကြေးလုပ်ငန်းအားလုံးသည် ဆုံးရှုံးနိုင်မှုကို ထည့်သွင်းတွက်ချက်ထားရသော်လည်း ဤလုပ်ငန်းသည် အချို့နေရာများတွင် ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်နိုင်ကြပြီး ထိရောက်သောရလဒ်များ ထွက်ပေါ်လာသည့်အပြင် ဆုံးရှုံးမှုများစွာ နည်းပါးသည်ဟုသိရှိရကြောင်း၊ မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကိုယ်တိုင်ပါဝင်ဆောင်ရွက်နိုင်သော အခွင့်အလမ်းတစ်ရပ်လည်းဖြစ်ပါကြောင်း။

ထို့အပြင် လုပ်ငန်းစဉ်(၈)ရပ်တွင် ပါဝင်သော လယ်ယာကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ သမဝါယမကဏ္ဍ၊ လူမှုရေးကဏ္ဍများတွင်လည်း လုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းပါဝင်ခြင်းဖြင့် ကိုယ့်မြို့နယ်၊ ကိုယ့်ခရိုင် ဖွံ့ဖြိုးတိုးတက်ရေးကို စိတ်ဝင်တစား ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

အဓိကမှာ ဒေသခံစီးပွားရေးလုပ်ငန်းများ၏ အင်အားပင်ဖြစ်ပြီး အကျိုးအမြတ်ရခြင်း၊ မရခြင်းထက် ဆင်းရဲသော ငွေကြေးချို့တဲ့သော ပြည်သူများဘဝမြှင့်တင်ပေးနိုင်ရေး ဆောင်ရွက်ပေးနိုင်မည်ဟူသည့် အလှူဒါနစိတ်၊ မျိုးချစ်စိတ်ဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်ကြောင်း။

နိုင်ငံတော်က လမ်း၊ တံတား၊ ဆက်သွယ်ရေး၊ လျှပ်စစ်မီး စသည့် အခြေခံ အဆောက်အအုံ တည်ဆောက်ရေးကဏ္ဍများတွင် အားသွန်ခွန်စိုက် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မူဆယ်ဒေသတွင် စက်မှုဇုန် သို့မဟုတ် အထူးစီးပွားရေးဇုန်တစ်ခု ဖြစ်ပေါ်လာစေရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ဒေသခံလုပ်ငန်းရှင်အများစု ဝိုင်းဝန်းအကောင်အထည်ဖော်ရမည့်လုပ်ငန်းများဖြစ်၍ မိမိတို့မြို့နယ်များသို့ ပြန်လည်ရောက်ရှိပါက အချင်းချင်းပြန်လည်ဆွေးနွေး တိုင်ပင်ကြစေလိုကြောင်း၊ စနစ်တကျဖြင့် ရေရှည်ဆောင်ရွက်သွားရမည့်လုပ်ငန်းများဖြစ်၍ သက်ဆိုင်ရာ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများအတိုင်း ကြိုးပမ်းဆောင်ရွက်သွားရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီးဒေါ်နန်းရွှေမှုန်တို့သည် အဖွဲ့ဝင်များလိုက်ပါလျက် လားရှိုးမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ရာ မိုင်းရယ်မြို့သို့ ရောက်ရှိကြသည်။

ဒုတိယသမ္မတ၊ ဇနီးနှင့်အဖွဲ့ဝင်များအား မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက နိုင်ငံတော်အလံငယ်များ ဝှေ့ယမ်း၍လည်းကောင်း၊ ရိုးရာအကများဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။

ယင်းနောက် ဒုတိယသမ္မတသည် မိုင်းရယ်မြို့ ပြည်ထောင်စုခန်းမ၌ ကျင်းပသော မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ မြို့မိမြို့ဖများနှင့်ဒေသခံတိုင်းရင်းသားများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် ရပ်ကွက်နှင့်ကျေးရွာအုပ်ချုပ်ရေးမှူးများက ပညာရေး၊ သောက်သုံးရေ ရရှိရေး၊ လမ်းပန်းဆက်သွယ်ရေး၊ မီးသတ်မော်တော်ယာဉ်ရရှိရေးဆိုင်ရာ ဒေသ၏ လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် မိုင်းရယ်မြို့နယ်အုပ်ချုပ်ရေးမှူးက ဒေသဖွံ့ဖြိုးရေးအတွက် ထပ်မံလိုအပ်ချက်၊ ၁၆-၁၂-၂၀၁၁ ရက်က လာရောက်ခဲ့သည့် ဒုတိယသမ္မတ၏ ခရီးစဉ်အတွင်း ညွှန်ကြားချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုနှင့်လယ်ယာကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်ယာသုံးစက်ပစ္စည်းများဝယ်ယူရန် ချေးငွေရရှိရေးတို့ကို တင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး၊ ဒေါက်တာမြဒေးနှင့် ဒုတိယဝန်ကြီး ဦးခင်ဇော်တို့က တင်ပြချက်များအပေါ် သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်း ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက ကျေးရွာ ၂၅ ရွာအတွက် ဆိုလာမီးအိမ် ၂၅ လုံးကို နမူနာအဖြစ် ပေးအပ်လှူဒါန်းရာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများက လက်ခံကြသည်။

ယင်းနောက် ကမ္ဘောဇဘဏ်လီမိတက်၊ အေးရှားဝေါလ်ကုမ္ပဏီ၊ သမဝါယမဘဏ်၊ နယူးစတားလိုက်ကုမ္ပဏီနှင့် ရွှေသံလွင်ကုမ္ပဏီတို့က စုပေါင်း၍ လှူဒါန်းသော ရှမ်းနှင့် လားဟူ စာပေနှင့်ယဉ်ကျေးမှုအဖွဲ့များအတွက် တစ်ဖွဲ့လျှင် ငွေကျပ်သိန်း ၂၀ စီဖြင့် ငွေကျပ်သိန်း ၄၀ ကို ကုမ္ပဏီများအားလုံးကိုယ်စား နယူးစတားလိုက်ကုမ္ပဏီဥက္ကဋ္ဌ ဦးကျော်ကျော်ဝင်းကလည်းကောင်း၊ မိုင်းရယ်မြို့ ပြည်ထောင်စုခန်းမ ပြုပြင်ရန်အတွက် ငွေကျပ်သိန်း ၁၅၀ ကို ကုမ္ပဏီများအားလုံးကိုယ်စား အေးရှားဝေါလ်ကုမ္ပဏီမှ ဒါရိုက်တာဦးမြတ်ချိုဝင်းကလည်းကောင်း ပေးအပ်လှူဒါန်းကြရာ တိုင်းရင်းသားများနှင့် တာဝန်ရှိသူများက လက်ခံကြသည်။

ဆက်လက်၍ လားရှိုးမြို့မှ DGH ဓာတ်ခဲစက်ရုံကုမ္ပဏီဥက္ကဋ္ဌက R20 မျောက်တံဆိပ်ဓာတ်ခဲ အလုံး ၂၄၀ ပါ ပုံး ၂၅ ပုံးကို လည်းကောင်း၊ ရွှေနှင်းတောင်ကုမ္ပဏီဥက္ကဋ္ဌက စိုက်ပျိုးရေးသုံးဆေးဖျန်း ပုံး ၅၀ ကို လည်းကောင်း ပေးအပ်လှူဒါန်းကြရာ ကျေးရွာအုပ်ချုပ်ရေးမှူးများက လက်ခံကြသည်။

ထို့နောက် ရွှေသံလွင်ကုမ္ပဏီဥက္ကဋ္ဌက DTH Sky Net ရုပ်သံဖမ်းစက် ငါးစုံကို ရှမ်းနှင့်လားဟူ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များနှင့် ဌာနဆိုင်ရာများအတွက် ပေးအပ်လှူဒါန်းရာ တိုင်းရင်းသားများနှင့် တာဝန်ရှိသူများက လက်ခံကြသည်။

ယင်းနောက် ဒုတိယသမ္မတ၊ ဇနီးနှင့်အဖွဲ့ဝင်များသည် မိုင်းရယ်မြို့ ပရိယတ္တိသဒ္ဓမ္မပါလစာသင်တိုက် ဆိုင်မိန်းကျောင်း ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တဇာဂရအမှူးပြုသော ဆရာတော် သံဃာတော်များအား သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းပြီး ဝေယျာဝစ္စအဖွဲ့ထံ အလှူတော်ငွေကျပ်သိန်း ၅၀ ကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယသမ္မတ၊ ဇနီးနှင့်အဖွဲ့ဝင်များသည် မိုင်းရယ်မြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ပြီး တန့်ယန်းမြို့သို့ ရောက်ရှိကြရာ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူများက သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။

ယင်းနောက် ဒုတိယသမ္မတသည် တန့်ယန်းမြို့ မြို့နယ်ခန်းမ၌ကျင်းပသော မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။

ဆက်လက်၍ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ပညာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ကျန်းမာရေးဆိုင်ရာ ဒေသ၏ လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒေသခံပြည်သူများကိုယ်စား မြို့မိမြို့ဖတစ်ဦးက တန့်ယန်းမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး ဖြည့်ဆည်းဆောင်ရွက်ပေးမှုများအတွက် နိုင်ငံတော်အစိုးရအား ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် တန့်ယန်းမြို့နယ်အုပ်ချုပ်ရေးမှူးက ဒေသအတွက် ထပ်မံဖြည့်ဆည်းပေးရန် လိုအပ်ချက်များ၊ ၁၆-၁၂-၂၀၁၁ ရက်က လာရောက်ခဲ့သည့် ဒုတိယသမ္မတ၏ ခရီးစဉ်အတွင်း ညွှန်ကြားချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီး သိန်းဌေး၊ ဒေါက်တာမြအေးနှင့် ဦးအုန်းမြင့်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာဝင်းမြင့်၊ ဦးဝင်းသန်း၊ ဦးကျော်လွင်နှင့် ဦးအောင်သန်းဦးတို့က တင်ပြချက်များအပေါ် သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်း ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ကျေးရွာအုပ်စုများအတွက် ဆိုလာမီးအိမ် ၄၉ လုံးကို နမူနာအဖြစ် ပေးအပ်လှူဒါန်းရာ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများက လက်ခံကြသည်။

ယင်းနောက် ကမ္ဘောဇဘဏ်လီမိတက်၊ အေးရှားဝေါလ်ကုမ္ပဏီ၊ သမဝါယမဘဏ်၊ နယူးစတားလိုက်ကုမ္ပဏီနှင့် ရွှေသံလွင်ကုမ္ပဏီတို့က စုပေါင်းလှူဒါန်းသော ရှမ်း၊ လားဟူ၊ “ဝ” ယဉ်ကျေးမှုအဖွဲ့များအတွက် တစ်ဖွဲ့လျှင် ငွေကျပ်သိန်း ၂၀ စီဖြင့် ငွေကျပ်သိန်း ၆၀ ကို နယူးစတားလိုက်ကုမ္ပဏီဥက္ကဋ္ဌက ပေးအပ်လှူဒါန်းရာ တိုင်းရင်းသားများက လက်ခံကြသည်။

ဆက်လက်၍ လားရှိုးမြို့မှ DGH ဓာတ်ခဲစက်ရုံကုမ္ပဏီဥက္ကဋ္ဌက R20 မျောက်တံဆိပ် ဓာတ်ခဲအလုံး ၂၄၀ ပါ ပုံး ၄၉ ပုံးကိုလည်းကောင်း၊ ရွှေနှင်းတောင်ကုမ္ပဏီဥက္ကဋ္ဌက စိုက်ပျိုးရေးသုံးဆေးဖျန်းပုံး ၅၀ ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ ကျေးရွာအုပ်ချုပ်ရေးမှူးများက လက်ခံကြသည်။

ယင်းနောက် ကမ္ဘောဇဘဏ်လီမိတက်၊ အေးရှားဝေါလ်ကုမ္ပဏီ၊ သမဝါယမဘဏ်၊ DGH ဓာတ်ခဲကုမ္ပဏီ၊ နယူးစတားလိုက်ကုမ္ပဏီနှင့် ရွှေသံလွင်ကုမ္ပဏီတို့က တန့်ယန်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ သန့်စင်ခန်းများ ဆောက်လုပ်ရန်အတွက် သန့်စင်ခန်းတစ်လုံးလျှင် ငွေကျပ်ငါးသိန်းနှုန်းဖြင့် သန့်စင်ခန်းအလုံး ၇၀ အတွက် စုစုပေါင်းငွေကျပ်သိန်း ၃၅၀ ကို ကမ္ဘောဇအုပ်စုကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာက ကုမ္ပဏီအားလုံးကိုယ်စား ပေးအပ်လှူဒါန်းရာ မြို့နယ်အုပ်ချုပ်ရေးမှူးက လက်ခံသည်။

ထို့နောက် ရွှေသံလွင်ကုမ္ပဏီဥက္ကဋ္ဌက ရှမ်း၊ လားဟူနှင့် ‘ဝ’ စာပေနှင့်ယဉ်ကျေးမှု အဖွဲ့များနှင့် ဌာနဆိုင်ရာများအတွက် DTH Sky Net ရုပ်သံဖမ်းစက် ခုနစ်စုံကို ပေးအပ်လှူဒါန်းရာ တိုင်းရင်းသားများနှင့် တာဝန်ရှိသူများက လက်ခံကြသည်။

ယင်းနောက် ဒုတိယသမ္မတ၊ ဇနီးနှင့်အဖွဲ့ဝင်များသည် တန့်ယန်းမြို့ မဟာဝိဟာရ (အောင်မင်္ဂလာ)ကျောင်းတိုက်သို့ရောက်ရှိကြပြီး ကျောင်းတိုက်ပဓာနနာယကဆရာတော် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ပညာဘောဂ အမှူးပြုသော ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ကြည်ညို၍ ဘာသာရေး၊ သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး ဆရာတော်ထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့် ဇနီးတို့က သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းပြီး ဂေါပကအဖွဲ့ထံ အလှူတော်ငွေကျပ်သိန်း ၅၀ ကို ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် ကျောင်းတိုက်အတွင်း ဘုန်းတော်ကြီးကျောင်း ပညာသင် ကျောင်းဆောင်သစ်ဆောက်လုပ်နေမှုကို ကြည့်ရှုပြီး ဆောက်လုပ်ဆဲ ပညာသင်ကျောင်းဆောင်အတွက် ဂေါပကအဖွဲ့ထံ အလှူတော်ငွေကျပ်သိန်း ၅၀ ကို ထပ်မံပေးအပ်လှူဒါန်းကာ ဒေသခံတိုင်းရင်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် ဒုတိယသမ္မတ၊ ဇနီးနှင့်အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် တန့်ယန်းမြို့မှ ထွက်ခွာခဲ့ရာ ညနေပိုင်းတွင် လားရှိုးမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့ မန်ဆူပလာဇာသို့ ရောက်ရှိကြရာ မန်ဆူဈေးနှင့် ပလာဇာတည်ဆောက်ရေး စီမံကိန်းရှင်းလင်းဆောင်၌ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ရုံးခွဲတာဝန်ခံနှင့် ကုဏ္ဍလီတံဆောက်လုပ်ရေးကုမ္ပဏီတို့မှ တာဝန်ရှိသူများက မန်ဆူဈေး အဆင့်မြှင့်တင် တည်ဆောက်မှုနှင့် စီမံကိန်းဒုတိယအဆင့် တည်ဆောက်ရန် ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ဒုတိယသမ္မတက သိရှိလိုသည်များကို မေးမြန်းပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် ဈေးတည်ဆောက်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် မိုင်းရယ်မြို့နှင့် တန့်ယန်းမြို့များသို့ သွားရောက်ခဲ့သည့် ခရီးစဉ်အတွင်း ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ မြို့မိမြို့ဖများ၊ ဒေသခံတိုင်းရင်းသားများအားတွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် ယခုကဲ့သို့ မိုင်းရယ်မြို့နှင့် တန့်ယန်းမြို့များသို့ မိမိတို့အဖွဲ့လာရောက်ကြခြင်းမှာ ပြီးခဲ့သည့်တစ်ခေါက် လာရောက်စဉ် ဤဒေသများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီးဖြစ်၍ ယခုတစ်ခေါက်တွင် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများအား ပြန်လည်စစ်ဆေးကြည့်ရှုရန်နှင့် ထပ်မံဖြည့်ဆည်းဆောင်ရွက်ပေးရမည့်ကိစ္စရပ်များကို ဖြည့်ဆည်းပေးရန် လာရောက်ခဲ့ကြခြင်းဖြစ်ကြောင်း။

ထို့ပြင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များ ပိုမိုလျင်မြန်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် လိုအပ်ချက်များကိုလည်း ပံ့ပိုးပေးသွားရန်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံအတွင်းနေထိုင်ကြသော ကျေးလက်ဒေသပြည်သူလူထုအများစုမှာ များသောအားဖြင့် လူမှုစီးပွားဘဝချို့တဲ့နေကြသေးကြောင်း၊ အဆိုပါကျေးလက်ဒေသများမှ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရန် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးစီမံကိန်းကို ထိရောက်စွာ ကြိုးပမ်းဖော်ဆောင်သွားရန် လိုအပ်ကြောင်း။

လယ်ယာကဏ္ဍတွင် သမားရိုးကျလယ်ယာလုပ်ငန်းသည် တစ်ဧကလျှင် စပါးတင်း ၅၀-၆၀ ခန့်သာထွက်ရှိကြောင်း၊ တစ်ဧကစပါးအနည်းဆုံး တင်း ၁၀၀ ကျော် အမှန်တကယ်ထွက်ရှိလာရေးအတွက် မျိုးစပါး၊ ဓာတ်မြေဩဇာ၊ ငွေကြေးအရင်းအနှီး၊ လယ်ယာသုံးစက်ပစ္စည်း၊ စိုက်ပျိုးရေးနည်းပညာများပြောင်းလဲဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ လယ်ယာကဏ္ဍတိုးမြှင့်လာမှသာ **စာမျက်နှာ ၅ ကော်လံ ၁ သို့** ❁

မြန်မာ့ဆက်သွယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများ ကျွမ်းကျင်မှုသင်တန်းများ ပူးပေါင်းဖွင့်လှစ်ရေး ဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၂၄

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းအား အိန္ဒိယနိုင်ငံ Business Development of Bharti Enterprise မှ ဒါရိုက်တာ Mr. Ananda Mukerji ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၁၀ နာရီခွဲတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး GSM/ UMTS စီမံကိန်းတွင် ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ၊ မြန်မာ့ဆက်သွယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများ၊ BHARTI ကုမ္ပဏီမှ ရင်းနှီးမြှုပ်နှံနိုင်မှုအခြေအနေ၊ ကျေးလက်ဒေသတွင် သတင်းအချက်အလက်ဆက်သွယ်မှုကို စျေးနှုန်းသက်သာစွာဖြင့် သုံးစွဲနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးနှင့် ကျွမ်းကျင်မှုသင်တန်းများ ပူးပေါင်းဖွင့်လှစ်ရေးတို့ကို ဆွေးနွေးကြသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဦးတင့်လွင်၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



❀ စာမျက်နှာ ၄ မှ

ကျေးလက်နေပြည်သူများ၏ လူနေမှုဘဝမြင့်မားလာမည်ဖြစ်ကြောင်း၊ အလားတူ မွေးမြူရေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်ဖြင့် စီးပွားဖြစ်လုပ်ကိုင်လာနိုင်ရေးအတွက် မြို့နယ်မွေးမြူရေးလုပ်ငန်းဦးစီးဌာနများက မျိုး၊ နည်းပညာများ ဖြန့်ဝေပေးခြင်း၊ လက်တွေ့သင်ကြားပေးခြင်း၊ ကြည့်ရှုစောင့်ရှောက်ပေးခြင်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ကျေးလက်ဒေသ အသေးစားကုန်ထုတ်လုပ်ငန်းများဖြစ်သည့် စားသောက်ကုန်လုပ်ငန်း၊ လွယ်အိတ်၊ ရိုးရာအဝတ်အထည်လုပ်ငန်းစသည်တို့ကို စီးပွားဖြစ်လုပ်ကိုင်နိုင်ကြရေးအတွက် အသေးစားငွေစုငွေချေးလုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

စီးပွားရေးလုပ်ငန်းကြီး/ငယ်များဆောင်ရွက်သည်ဖြစ်စေ၊ နေ့စဉ်ဝမ်းစာရေးအတွက် ဆောင်ရွက်သည်ဖြစ်စေ မရှိမဖြစ်လိုအပ်သော ငွေအရင်းအနှီးရရှိရေးနှင့် ထပ်မံရင်းနှီးမြှုပ်နှံနိုင်ရေးတို့အတွက် အသေးစား ငွေစုငွေချေးလုပ်ငန်းက များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း။

အသေးစားငွေစုငွေချေးလုပ်ငန်းဆိုသည်မှာလည်း ဆန္ဒသဘောထားချင်းတူညီကြသည့် ဒေသခံပြည်သူ ငါးဦး ခြောက်ဦးခန့်က အစုအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်နိုင်သည့် မှတ်ပုံတင်ရန်သာလိုအပ်သော လုပ်ငန်းဖြစ်ကြောင်း၊ ဤလုပ်ငန်းမှ အဟောင်းပြန်ဆပ်၊ အသစ်ထပ်ယူစနစ်ဖြင့် ငွေပင်ငွေရင်းတိုးပွားလာအောင် လွယ်ကူစွာဆောင်ရွက်နိုင်ခြင်း၊ အတိုးနှုန်းနည်းပါးခြင်း၊ တစ်ပိုင်တစ်နိုင်ဆောင်ရွက်နိုင်ခြင်း၊ ထို့ကြောင့် မိသားစုစားဝတ်နေရေး နေ့စဉ်ဖြေရှင်းနေရသည့် မိသားစုများအတွက် များစွာအထောက်အပံ့ဖြစ်စေမည်ဖြစ်ကြောင်း။

စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ကြရာတွင် ယှဉ်ပြိုင်မှုဖြင့် ရှင်သန်အောင်ဆောင်ရွက်လုပ်ကိုင်နေခြင်းဖြစ်၍ တစ်ပွဲတိုးအောင်မြင်သည့် စီးပွားရေးလုပ်ငန်းမျိုး မဖြစ်စေဘဲ ရေရှည်ယှဉ်ပြိုင်တည်တံ့နိုင်သော စီးပွားရေးလုပ်ငန်းများဖြစ်ပေါ်လာရေးအထိ ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ထို့အပြင် ၂၀၁၅ ခုနှစ်တွင် ဖြစ်ပေါ်လာမည့် အာဆီယံစီးပွားရေးပေါင်းစည်းမှုကြောင့် တစ်နိုင်ငံနှင့်တစ်နိုင်ငံ လွတ်လပ်စွာ ရောင်းဝယ်ဖောက်ကားခွင့်ရှိလာပြီဖြစ်၍ မိမိတို့နိုင်ငံအနေဖြင့် ယခုအချိန်ကပင် ယှဉ်ပြိုင်နိုင်စွမ်းရှိအောင် ကြိုးပမ်းထားကြရမည်ဖြစ်ကြောင်း။

ထို့ကြောင့် ဒေသခံများ၏ ဆန္ဒအရ မူဆယ်မြို့နှင့် လားရှိုးမြို့နယ်များအတွင်း စက်မှုဇုန်များဖော်ထုတ်ခြင်းဖြင့် တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်တင်ပို့နိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာစေရေးတို့အတွက် စီစဉ်ကြံဆလျက်ရှိကြောင်း။

စိုက်ပျိုးရေးအခြေခံဖြင့် တိုးတက်ဖွံ့ဖြိုးသောဒေသ၊ စီးပွားရေးအင်အားကောင်းမွန်သောနိုင်ငံအဖြစ် မရောက်ရှိနိုင်သည့်အတွက် စက်မှုကုန်ထုတ်လုပ်ငန်းများ ပေါ်ပေါက်လာစေရန် များစွာအရေးကြီးကြောင်း၊ ဒေသခံစီးပွားရေးလုပ်ငန်းရှင်များကလည်း မည်သို့အောင်မြင်အောင် ပူးပေါင်းဆောင်ရွက်မည်၊ မည်မျှပါဝင်ဆောင်ရွက်မည်ကို လေ့လာစဉ်းစားထားကြရန် ဖြစ်ကြောင်း။

ယခုလက်ရှိဆောင်ရွက်နေရသည့် သမားရိုးကျစီးပွားရေးဖြစ်သော သစ်များအလုံးလိုက်တင်ပို့နေခြင်း၊ သယံဇာတတွင်းထွက်များ အရိုင်းအတိုင်းတင်ပို့နေခြင်း၊ ကျောက်မျက်များ အကြမ်းထည်အတိုင်း ရောင်းချနေခြင်း၊ သစ်သီးဝလံ၊ သားငါးများအား တန်ဖိုးမြှင့်ထုတ်လုပ်နိုင်ခြင်းမရှိဘဲ ရောင်းချနေရခြင်းတို့သည် တစ်ဖက်ဝယ်လိုအားဈေးကွက်ကိုသာ အမှီပြုနေရကြောင်း၊ တစ်ဖက်ဈေးကွက်လိုအပ်ချိန်တွင်သာ ဈေးကောင်းရရှိပြီး မလိုအပ်ချိန်တွင် အလကားနီးပါးတန်ဖိုးမဲ့ဈေးနှုန်းမျိုးဖြင့် ရောင်းချနေရသည့်ဘဝမှ လွတ်မြောက်အောင် ကြိုးပမ်းသွားရမည်ဖြစ်ကြောင်း။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တန့်ယန်းမြို့ မြို့နယ်ခန်းမ၌ တွေ့ဆုံ ပွဲသို့ တက် ရောက် လာ ကြ သည့် ဒေသခံ ပြည်သူ များ အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ထို့ကြောင့် အသေးစားနှင့် အလတ်စားစက်မှုကုန်ထုတ်လုပ်ငန်းများ တည်ထောင်နိုင်ရန် ရည်ရွယ်၍ စက်မှုဇုန်များဖော်ထုတ်ရန်လိုအပ်ကြောင်း၊ ဒေသခံပြည်သူများ၏ အကျိုးစီးပွား ပိုမိုကောင်းမွန်လာစေရန် ဆောင်ရွက်သောလုပ်ငန်းဖြစ်၍ ပြည်သူလူထုအကျိုးစီးပွား မထိခိုက်စေရန် အလေးထားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ဤဒေသတွင် ထပ်မံဆောင်ရွက်စေလိုသည့် ကဏ္ဍတစ်ခုမှာ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးပင်ဖြစ်ကြောင်း၊ မိုင်းရယ်မြို့သည် ယခင်က စော်ဘွားများအခြေစိုက်ရာ မြို့ဖြစ်ပြီး သမိုင်းဝင်အဆောက်အအုံများရှိပြီးဖြစ်ကြောင်း၊ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များသည် ခေတ်မီတိုက်တာအဆောက်အအုံများ၊ နည်းပညာဖြင့်ဆန်းသစ်မွမ်းမံထားသည့်နေရာများထက် သဘာဝအလှအပများ၊ ရိုးရာလက်မှုလုပ်ငန်းများ၊ ရိုးရာအစားအသောက်များ၊ တိုင်းရင်းသားများ၏ ပင်ကိုအလေ့အထများဖြင့် နေထိုင်သွားလာမှုဓလေ့ထုံးစံများကိုသာ မြင်တွေ့ခံစားလိုကြကြောင်း၊ ထို့အတူ တန့်ယန်းမြို့သည်လည်း မြို့၏သဘာဝအလှအပများအပြင် ဖော်ထုတ်တတ်ပါက ယခင်မူးယစ်ဆေးဝါး၏ ဆိုးကျိုးဒဏ်ခံခဲ့ရမှုများကိုပင် ရှာဖွေဖော်ထုတ်၍ ခရီးစဉ်တစ်ခုအဖြစ် ပြသနိုင်ကြောင်း။

ဤဒေသများရှိ မြို့အမည်များ၊ အခေါ်အဝေါ်များကပင် မြို့များ၏သမိုင်းကြောင်းကို ထင်ဟပ်ပြသနေကြောင်း၊ ခရီးစဉ်ဒေသတစ်ခုအဖြစ် ဖော်ထုတ်ပြသတတ်ရန်သာ အရေးကြီးကြောင်း၊ လိုအပ်သည်မှာ သန့်ရှင်းသပ်ရပ်စွာနေထိုင်တည်းခိုနိုင်သည့် ရိုးရာနေအိမ်များ၊ အမှိုက်ကင်းစင်မှုနှင့် ဧည့်ဝတ်ကျေပွန်မှုတို့ပင် ဖြစ်ကြောင်း။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအနေဖြင့် ဤဒေသအတွင်း အမှန်တကယ်မျက်မြင်ကြုံတွေ့နေရသည်မှာ သစ်ပင်သစ်တောပြုန်းတီးမှုများပင်ဖြစ်ကြောင်း၊ နှစ်စဉ်ပြောင်းရွှေ့လုပ်ကိုင်နေရသည့် ရွှေ့ပြောင်းတောင်ယာစနစ်မှ ရေရှည်စိုက်ပျိုးလုပ်ကိုင်နိုင်သည့် လှေကားထစ်စိုက်ပျိုးနည်းသို့ပြောင်းလဲဆောင်ရွက်သွားရန် ဖြစ်ကြောင်း၊ ထို့အတူ ဓာတ်မြေဩဇာကင်းစင်သည့် အော်ဂဲနစ်သီးနှံများသည် ပင်ကိုစိုက်ပျိုးနည်းစနစ်မှာပင်ရှိပြီးဖြစ်၍ ဈေးကွက်ဝင်အောင် ဆောင်ရွက်ပေးခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ ဤလုပ်ငန်းများသည် တစ်ဦးချင်းဆောင်ရွက်ရန်ခက်ခဲသဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအစီအစဉ်များအရ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများမှ ဝိုင်းဝန်း၍ တစ်ဆင့်ပြီးတစ်ဆင့် အောင်မြင်အောင်ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် မိမိတို့နိုင်ငံသည် ဒီမိုကရေစီစနစ်ကျင့်သုံးနေပြီဖြစ်၍ လုပ်ငန်းများဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာသောစနစ်ဖြင့် ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ မြို့နယ်များ၏ လိုအပ်ချက်များ၊ တင်ပြချက်များကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများက ချက်ချင်းဖြေရှင်းဆောင်ရွက်ပေးသည်ကို မြင်တွေ့ရခြင်းကြောင့် ဒေသခံပြည်သူများ ကျေနပ်ကြလိမ့်မည်ဟု မျှော်လင့်ကြောင်း၊ အချိန်ယူဆောင်ရွက်ပေးရမည့်ကိစ္စရပ်များကိုလည်း သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်း၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဒေသတွင်းအဓိကလိုအပ်ချက်ဖြစ်သည့် လျှပ်စစ်မီးရရှိရေးတွင်လည်း လိုအပ်သောပစ္စည်းများ၊ ထရန်စဖော်မာများအား အဆင်သင့်ဝယ်ယူထားပြီး နယ်မြေဒေသအခြေအနေအရကြောင့်သာ တပ်ဆင်ပေးနိုင်ခြင်း မရှိသေးသည်ကိုလည်း ရှင်းလင်းဖြေကြားပေးပြီးဖြစ်၍ နယ်မြေဒေသ အေးချမ်းတည်ငြိမ်လာအောင်၊ ကိုယ့်မြို့ကိုယ့်ရွာ ဖွံ့ဖြိုးတိုးတက်လာအောင် နိုင်ငံတော်အစိုးရနှင့်အတူ ပြည်သူများက တက်ညီလက်ညီဝိုင်းဝန်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်းဖြင့် ပြောကြားသည်။

(သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမှုန် တန့်ယန်းမြို့နယ် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအတွက် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမှုန် မိုင်းရယ်မြို့နယ်နှင့် တန့်ယန်းမြို့နယ်ရှိ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမှုန်သည် ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၉ နာရီ ၄၅ မိနစ်တွင် မိုင်းရယ်မြို့နယ် အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ဖြူဖြူညွန့်က အမှာစကားပြောကြားပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူးတို့က လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို တင်ပြကြသည်။

ထို့နောက် တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ခေါင်းဆောင်များက ဂါရဝပြုမိတ်ဆက်ကြသည်။

ယင်းနောက် ဒုတိယသမ္မတ၏ ဇနီးက မိုင်းရယ်မြို့နယ် မိခင်နှင့်ကလေး မူကြိုကျောင်းပြုပြင်ရန်အတွက် ငွေကျပ် ၁၀ သိန်း၊ ပြည်နယ်ဝန်ကြီးချုပ်၏ဇနီးက အသေးစားချေးငွေလုပ်ငန်းအတွက် ငွေကျပ် ငါးသိန်းတို့ကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယသမ္မတ၏ဇနီးက ရှမ်းတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့နှင့် လားဟူတိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့တို့အတွက် ငွေကျပ်တစ်သိန်းစီ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယသမ္မတ၏ဇနီး ဒေါ်နန်းရွှေမှုန်သည် တန့်ယန်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့နှင့် တိုင်းရင်းသား အမျိုးသမီးအဖွဲ့များအား တွေ့ဆုံအမှာစကားပြောကြားရာတွင် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့တို့အနေဖြင့် အမျိုးသမီးများ၏ လူမှုဘဝမြင့်မားရေးကို အလေးထားဆောင်ရွက်ရန်၊ ဒေသအတွင်းရှိ အမျိုးသမီးများ၊ တိုင်းရင်းသားများ၏ အကျိုးကို စွမ်းအားရှိသရွေ့ ဆောင်ရွက်ကြရန် ပြောကြားသည်။ ၎င်းနောက် ရှမ်းပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့ နာယကပြည်နယ်ဝန်ကြီးချုပ်၏ဇနီးနှင့် တန့်ယန်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌတို့က လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့နယ်အတွင်းရှိ ရှမ်း၊ ဝ၊ လားဟူ၊ ကိုးကန့် တိုင်းရင်းသား အမျိုးသမီးအဖွဲ့ ခေါင်းဆောင်များက ဂါရဝပြုမိတ်ဆက်ကြသည်။

ယင်းနောက် ဒုတိယသမ္မတ၏ ဇနီးက မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအတွက် ငွေကျပ်ငါးသိန်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့အတွက် ငွေကျပ်ငါးသိန်းနှင့် တိုင်းရင်းသားအမျိုးသမီးအဖွဲ့ လေးဖွဲ့အတွက် ငွေကျပ်တစ်သိန်းစီဖြင့် ငွေကျပ်လေးသိန်း စုစုပေါင်းငွေကျပ် ၁၄ သိန်းကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး ရုံးထိုင်ကြားနာ

နေပြည်တော် ဖေဖော်ဝါရီ ၂၄

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအားလုံးပါဝင်သော ခုံရုံးသည် "လွှတ်တော်အသီးသီး၏ ဥပဒေအလိုက် ပြဋ္ဌာန်းချက်များတွင် လွှတ်တော်အသီးသီးက ဖွဲ့စည်းထားသည့် ကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့တို့အား ပြည်ထောင်စုအဆင့် အဖွဲ့အစည်းအဖြစ် ထည့်သွင်းအဓိပ္ပာယ်ဖွင့်ဆိုခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ခြင်း ရှိ/မရှိ (သို့မဟုတ်) ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေးထားသောအခွင့်အာဏာဖြင့် ဖွဲ့စည်းထားသည့်ကော်မတီ၊ ကော်မရှင်နှင့်အဖွဲ့များသည် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများတွင် အကျုံးဝင်ခြင်း ရှိ/မရှိ" စိစစ်ဆုံးဖြတ်ပေးရန် နိုင်ငံတော်သမ္မတကိုယ်စား ပြည်ထောင်စုရှေ့နေချုပ်က နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၃၂၂ (က)နှင့် ပုဒ်မ ၃၂၅ (က)တို့အရ တင်သွင်းလာသော တင်သွင်းလွှာအမှတ် ၁/၂၀၁၂ ကို ယနေ့နံနက် ၁၀ နာရီတွင် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်ကြားနာကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသာဦးနှင့် ရှမ်းပြည်နယ်၊ ခရိုင်၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များ တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၄

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသာဦးနှင့် ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ကလောမြို့နယ် ကော်မရှင်အဖွဲ့ခွဲဝင်များ တွေ့ဆုံပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် ရှမ်းပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ခွဲဝင်များ၊ တောင်ကြီးခရိုင်နှင့် ကလောမြို့နယ် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ခွဲဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကလောမြို့နယ် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် တောင်ကြီးခရိုင်အဖွဲ့ခွဲဥက္ကဋ္ဌတို့က ကြားဖြတ်ရွေးကောက်ပွဲ ဆောင်ရွက်ထားမှု အခြေအနေ လုပ်ငန်းဆိုင်ရာကိစ္စရပ်များ တင်ပြဆွေးနွေးကြပြီး ရှမ်းပြည်နယ် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက လုပ်ငန်းကိစ္စရပ်များကို ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသာဦးက အမှာစကားပြောကြားရာတွင် ပြည်နယ်၊ ခရိုင်၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များသည် အဓိကလိုက်နာဆောင်ရွက်ရမည့် တာဝန် (၃)ရပ်ကို တိတိကျကျလိုက်နာ ဆောင်ရွက်ရန်လိုကြောင်း၊ လွတ်လပ်ပြီး တရားမျှတသော ကြားဖြတ်ရွေးကောက်ပွဲအဖြစ် မှတ်ကျောက်တင်နိုင်စေရန် မဲဆန္ဒရှင် နိုင်ငံရေးပါတီများ၊ ပြည်သူနှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တို့က သက်ဆိုင်ရာဌာနများအကူအညီဖြင့် ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေညွှန်ကြားချက်၊ လုပ်ငန်းလမ်းညွှန်မှုများနှင့်အညီ ကြိုးပမ်းဆောင်ရွက်သွားကြရန် ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

ချင်းပြည်နယ်နှင့် ချင်းတွင်းမြစ်အနောက်ဘက်ကမ်းဒေသများ ဖွံ့ဖြိုးရေးအထောက်အကူပြု ချင်းတွင်းမြစ်ကူး ချင်းတွင်းတံတား(မုံရွာ)

တံတားအချက်အလက်များ

၁။ ပင်မတံတားမှာ ၂၇၄၅ ဒသမ ၆ ပေ၊ ချဉ်းကပ်တံတား နှစ်ဖက်မှာ ၁၉၇၄ ဒသမ ၆ ပေရှိပြီး တံတားစုစုပေါင်းအရှည်မှာ ၄၇၃၀ ဒသမ ၂ ပေဖြစ်သည်။

၂။ ချင်းတွင်းတံတား(မုံရွာ)၏ ပင်မတံတား အပေါ်ထည်မှာ သံမဏိသံပေါင်တံတား အမျိုးအစားဖြစ်ပြီး ချဉ်းကပ်တံတားအပေါ်ထည်မှာ သံကူကွန်ကရစ်ရက်မနှင့် ကြမ်းခင်းဖြစ်သည်။ အောက်ထည်မှာ သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်သည်။

၃။ ယာဉ်သွားလမ်းအကျယ် ၂၈ ပေ၊ ဘေးတစ်ဖက်စီတွင် ခြောက်ပေစီကျယ်သည့် လူသွားလမ်းပါရှိသည်။

၄။ တံတားအောက်ရေလမ်းကင်းလွတ်နယ်မြေ အကျယ် ၃၀၅ ပေ၊ အမြင့်ပေ ၄၀ ရှိသည်။

၅။ ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ တန် ၆၀ ဖြစ်သည်။

၆။ ချင်းတွင်းတံတား(မုံရွာ)တည်ဆောက်ရေး စီမံကိန်းကို ၉-၁၂-၂၀၀၀ ရက်နေ့တွင် စတင်ခဲ့ပြီး ၇-၄-၂၀၀၃ ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည်။

ခံ့ညားထည်ဝါလှပသည့် ချင်းတွင်းမြစ်ကူး ချင်းတွင်းတံတား(မုံရွာ)မှာ တောင်ပေါ်နှင့် မြေပြန့်ဆက်သွယ်သွားလာမှုကို လွယ်ကူချောမွေ့စေသည်။

ချင်းတွင်းမြစ်ပေါ်တွင် ဖြတ်သန်းတည်ဆောက်ထားသည့် ချင်းတွင်းတံတား(မုံရွာ)။

* ချင်းတွင်းတံတား(မုံရွာ)သည် ချင်းပြည်နယ်အတွက်သာမက စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းတွင်းမြစ် အနောက်ဘက်ကမ်းဒေသများအတွက်ပါ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်လာအောင် အထောက်အကူပြုသည်။
* တစ်ဖက် အိမ်နီးချင်းနိုင်ငံနှင့် ဆက်နွယ်သည့် နယ်စပ်ကုန်သွယ်ရေးကိုလည်း ဖွံ့ဖြိုးစေသည့်အတွက် စစ်ကိုင်းတိုင်းဒေသကြီးနှင့် ပြည်ထောင်စုကြီးတစ်ခုလုံးအတွက် အရေးပါသော တံတားဖြစ်သည်။
* မြစ်ချောင်းခြားမှုကြောင့် ဖွံ့ဖြိုးမှုနောက်ကျခဲ့ရသော ချင်းတွင်းမြစ် အနောက်ဘက်ကမ်းရှိ မြို့ရွာများအပြင် ချင်းပြည်နယ်နှင့် ပြည်မမှ မြို့ရွာများသည် ချင်းတွင်းတံတား(မုံရွာ)ကြောင့် အချိန်တိုအတွင်း လမ်းပန်းဆက်သွယ်မှု လွယ်ကူလျင်မြန်လာသည်။
* လမ်းပန်းဆက်သွယ်မှုအခက်အခဲများကြောင့် တိုင်းရင်းသား ညီအစ်ကိုအချင်းချင်း အထိအတွေ့၊ အဆက်အဆံနည်းခဲ့ရသည့် အခြေအနေမှ ချင်းတွင်းတံတား(မုံရွာ)ကြောင့် တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးပြီး ပြည်ထောင်စုစိတ်ဓာတ်ကို ပိုမိုခိုင်မြဲစေသည်။

သတင်းမှတ်စု - မောင်ငြိမ်းအေး

ရှေ့ဖုံးမှ

နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ လွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

[illegible]

[illegible]

[illegible]	[illegible]	[illegible]	[illegible]	[illegible]							
				[illegible]	[illegible]	[illegible]	[illegible]	[illegible]		[illegible]	[illegible]
								[illegible]	[illegible]		
၁	၂	၃	၄	၅	၆	၇	၈	၉	၁၀	၁၁	၁၂
၁	၁	[illegible]	[illegible]				[illegible]				
၂	၂	[illegible]	[illegible]	[illegible]							
၃	၃	[illegible]	[illegible]				[illegible]				
၄	၅	[illegible]	[illegible]	[illegible]			[illegible]				
၅	၆	[illegible]	[illegible]	[illegible]			[illegible]				
၆	၇	[illegible]	[illegible]	[illegible]							
၇	[illegible]	[illegible]	[illegible]	[illegible]			[illegible]				
		[illegible]		[illegible]			[illegible]				

ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ

[illegible]

[illegible]

[illegible]	[illegible]	[illegible]	[illegible]	[illegible]							
				[illegible]	[illegible]	[illegible]	[illegible]	[illegible]		[illegible]	[illegible]
								[illegible]	[illegible]		
၁	၂	၃	၄	၅	၆	၇	၈	၉	၁၀	၁၁	၁၂
[illegible]	[illegible]	[illegible]	[illegible]	[illegible]			[illegible]				
[illegible]	[illegible]	[illegible]	[illegible]				[illegible]				
[illegible]	[illegible]	[illegible]	[illegible]			[illegible]	[illegible]				
[illegible]	[illegible]	[illegible]	[illegible]	[illegible]			[illegible]				
[illegible]	[illegible]	[illegible]	[illegible]	[illegible]			[illegible]				
[illegible]	[illegible]	[illegible]	[illegible]	[illegible]			[illegible]				
[illegible]	[illegible]	[illegible]	[illegible]	[illegible]			[illegible]				
[illegible]	[illegible]	[illegible]	[illegible]	[illegible]							
[illegible]	[illegible]	[illegible]	[illegible]	[illegible]			[illegible]				
[illegible]	[illegible]	[illegible]	[illegible]	[illegible]							
[illegible]	[illegible]	[illegible]	[illegible]	[illegible]			[illegible]				
[illegible]	[illegible]	[illegible]	[illegible]	[illegible]							
[illegible]	[illegible]	[illegible]	[illegible]	[illegible]							
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]		[illegible]		[illegible]		
[illegible]	[illegible]	[illegible]	[illegible]	[illegible]							
[illegible]	[illegible]	[illegible]	[illegible]	[illegible]			[illegible]				
[illegible]	[illegible]	[illegible]	[illegible]	[illegible]							
[illegible]	[illegible]	[illegible]	[illegible]				[illegible]		[illegible]		
[illegible]	[illegible]	[illegible]	[illegible]				[illegible]				
[illegible]	[illegible]	[illegible]	[illegible]	[illegible]			[illegible]				
[illegible]	[illegible]	[illegible]	[illegible]	[illegible]			[illegible]				
[illegible]	[illegible]	[illegible]	[illegible]	[illegible]							
[illegible]	[illegible]	[illegible]	[illegible]	[illegible]							
[illegible]	[illegible]	[illegible]	[illegible]	[illegible]		[illegible]					
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]		[illegible]				
[illegible]		[illegible]	[illegible]			[illegible]					
[illegible]		[illegible]	[illegible]			[illegible]					
[illegible]		[illegible]	[illegible]			[illegible]					
[illegible]		[illegible]	[illegible]			[illegible]					
[illegible]		[illegible]	[illegible]			[illegible]					
[illegible]		[illegible]	[illegible]			[illegible]					
[illegible]		[illegible]	[illegible]			[illegible]					
[illegible]		[illegible]	[illegible]			[illegible]					
[illegible]		[illegible]	[illegible]			[illegible]					
[illegible]		[illegible]	[illegible]			[illegible]					
[illegible]		[illegible]	[illegible]			[illegible]					
[illegible]		[illegible]	[illegible]			[illegible]					
[illegible]		[illegible]	[illegible]			[illegible]					
[illegible]		[illegible]	[illegible]			[illegible]					
		[illegible]		[illegible]	[illegible]	[illegible]	[illegible]		[illegible]		

စာမျက်နှာ (၈) သို့

❖ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေမှ

(ဂ) ပုဒ်မခွဲ(ခ)အရ ဖွဲ့စည်းသည့် ကျေးရွာတစ်ရွာကိုဖြစ်စေ၊ ကျေးရွာအများ ကို စုစည်း၍ဖြစ်စေ၊ ကျေးရွာအုပ်စုအဖြစ် ဖွဲ့စည်းခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် အမည်ပြောင်းလဲခြင်း ပြုနိုင်သည်။

(ဃ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းသည့် ရပ်ကွက်များကို စုစည်း၍ မြို့ သို့မဟုတ် မြို့နယ်အဖြစ် ဖွဲ့စည်းခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် အမည်ပြောင်းလဲ ခြင်းပြုနိုင်သည်။

(င) ရပ်ကွက်များကိုဖြစ်စေ၊ ကျေးရွာအုပ်စုနှင့် မြို့များကိုဖြစ်စေ စုစည်း၍ မြို့နယ်အဖြစ် ဖွဲ့စည်းခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် အမည်ပြောင်း လဲခြင်း ပြုနိုင်သည်။

၄။ မြို့များ အက်ဥပဒေ (၁၉၀၇ ခုနှစ်၊ မြန်မာနိုင်ငံအက်ဥပဒေအမှတ် ၃)နှင့် ကျေးရွာအက်ဥပဒေ (၁၉၀၇ ခုနှစ်၊ မြန်မာနိုင်ငံအက်ဥပဒေအမှတ် ၆)အရ သတ်မှတ်ထားသော မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စုနှင့် ကျေးရွာများသည် ဤဥပဒေအရ ပြင်ဆင်ဖွဲ့စည်းခြင်းမပြုသရွေ့ သတ်မှတ်သည့် မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စုနှင့် ကျေးရွာများဖြစ်သည်ဟု မှတ်ယူရမည်။

အခန်း(၃)
ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတွင် ပြည့်စုံရမည့် အရည်အချင်းများ

၅။ အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) နိုင်ငံသားမိဘနှစ်ပါးမှ မွေးဖွားသော နိုင်ငံသားဖြစ်ခြင်း၊

(ခ) အသက် ၂၅ နှစ်ပြည့်ပြီးသူဖြစ်ခြင်း၊

(ဂ) သင့်တင့်သော ပညာအရည်အချင်းရှိသူဖြစ်ခြင်း၊

(ဃ) စားဝတ်နေရေး ဖူလုံမှုရှိသူဖြစ်ခြင်း၊

(င) သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း တစ်ဆက် တည်း အနည်းဆုံး ဆယ်နှစ်နေထိုင်လျက်ရှိသူဖြစ်ပြီး လက်ရှိတာဝန် ထမ်းဆောင်ချိန်တွင် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စုတွင် အမှန်တကယ်နေထိုင်မည့်သူဖြစ်ခြင်း၊

ခြွင်းချက်။ ဒေသခံအငြိမ်းစားဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သည့်ကာလကို လျှော့ပေါ့စဉ်းစား နိုင်သည်။

(စ) ရပ်ရွာက ကြည်ညိုလေးစားပြီး သိက္ခာသမာဓိရှိသူဖြစ်ခြင်း၊

(ဆ) ကျန်းမာရေးကောင်းမွန်ပြီး ပေးအပ်သည့်တာဝန်ကို ထမ်းဆောင် နိုင်စွမ်းရှိသူဖြစ်ခြင်း၊

(ဇ) နိုင်ငံတော်နှင့် ရပ်ရွာဒေသ၏အကျိုးကို စေတနာထက်သန်စွာဖြင့် တာဝန်ထမ်းဆောင်ရန် ဆန္ဒရှိသူဖြစ်ခြင်း၊

(ဈ) အတူနေမိသားစုဝင်များသည်လည်း အကျင့်စာရိတ္တကောင်းမွန်ပြီး ရိုးသားဖြောင့်မတ်သူများဖြစ်ခြင်း၊

(ည) တာဝန်ထမ်းဆောင်ဆဲ အစိုးရဝန်ထမ်းမဟုတ်ခြင်း၊

(ဋ) လက်နက်ကိုင်အဖွဲ့အစည်းဝင်မဟုတ်ခြင်း၊ မတရားအသင်းအဖွဲ့များ၌ ပါဝင်သူ၊ ဆက်သွယ်သူမဟုတ်ခြင်း။

အခန်း(၄)
ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ခန့်အပ်တာဝန်ပေးခြင်း

၆။ မြို့နယ်အုပ်ချုပ်ရေးမှူးသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ် ရေးမှူးရွေးချယ်ရာတွင် ကြီးကြပ်နိုင်ရေးအတွက် ယင်းတာဝန်ကို ထမ်းဆောင်ရန် ဆန္ဒရှိသော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းရှိ အများကြည်ညိုလေးစား ပြီး သြဇာတိက္ကမရှိသည့် ရပ်မိရပ်ဖငါးဦးကို ရွေးချယ်၍ ကြီးကြပ်ရေးအဖွဲ့အဖြစ် တာဝန်ပေးအပ်ရမည်။

၇။ ကြီးကြပ်ရေးအဖွဲ့သည် -

(က) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းရှိ အိမ်ခြေစာရင်းကိုရယူ၍ သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ ရပ်ကွက် သို့မဟုတ် ကျေးရွာအလိုက် ဆယ်အိမ်စု အစုအဖွဲ့များ ဖွဲ့စည်းရမည်။

(ခ) ဆယ်အိမ်စုအသီးသီး၌ နေထိုင်သော အိမ်ထောင်ဦးစီး သို့မဟုတ် အသက် ၁၈ နှစ် ပြည့်ပြီးသည့် အိမ်ထောင်စုကိုယ်စားလှယ်တစ်ဦး စီအား စုစည်း၍ ယင်းတို့ ရွေးချယ်မည့် ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူးအတွက် ပုဒ်မ ၅ တွင် သတ်မှတ်ထားသော အရည်အချင်းများကို ရှင်းလင်းပြောကြားရမည်။

(ဂ) ဆယ်အိမ်စုတစ်စုတွင် ပါဝင်သော သက်ဆိုင်ရာ အိမ်ထောင်ဦးစီး များက မိမိတို့ ဆယ်အိမ်စုတွင် နေထိုင်သူများအနက်မှ သတ်မှတ် အရည်အချင်းများနှင့် ပြည့်စုံသည့် ပုဂ္ဂိုလ်တစ်ဦးစီ လျှို့ဝှက်ဆန္ဒ မဲပေး၍ ရွေးချယ်ခြင်းခံရသူ၏ အမည်စာရင်းနှင့် ကိုယ်ရေးအချက် အလက်တို့ကို တင်ပြစေရမည်။

(ဃ) ဆယ်အိမ်စုတစ်စုစီအလိုက် ရွေးချယ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးကို သတ်မှတ်အရည်အချင်းများနှင့် ပြည့်စုံခြင်း ရှိ မရှိ စိစစ်ရမည်။ သတ်မှတ်အရည်အချင်းများနှင့် ပြည့်စုံသူများကို ဆယ်အိမ်စု ကိုယ်စားလှယ်များအဖြစ် အမည်စာရင်းပြုစုရမည်။

(င) ပုဒ်မခွဲ (ဃ)အရ ပြုစုသည့် အမည်စာရင်းပါ ဆယ်အိမ်စုကိုယ်စားလှယ် တစ်ဦးချင်းကဖြစ်စေ၊ တစ်ဦးထက်ပိုသူများကဖြစ်စေ မိမိတို့အနက်မှ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအဖြစ် ခန့်အပ် တာဝန်ပေးရန် အဆိုပြုလိုသော ပုဂ္ဂိုလ်၏အမည်ကို တင်သွင်းစေပြီး ယင်းတို့၏ အမည်စာရင်းကို ပြုစုရမည်။

(စ) ပုဒ်မခွဲ(င)အရ ပြုစုသော အမည်စာရင်းပါ ပုဂ္ဂိုလ်များအနက်မှ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး တစ်ဦးကို ဆယ်အိမ်စု ကိုယ်စားလှယ်များအားလုံးက လျှို့ဝှက်ဆန္ဒမဲပေး၍ ရွေးချယ်စေရမည်။ ရရှိသော မဲစာရင်းကို ရေတွက်၍ ကြေညာရမည်။

(ဆ) ပုဒ်မခွဲ(စ)အရ ရွေးချယ်ရရှိသော ဦးစားပေးအစီအစဉ်ကို ပြုစုပြီး လျှို့ဝှက်ဆန္ဒမဲအများဆုံးရရှိသော ပုဂ္ဂိုလ်၏အမည်စာရင်းနှင့် ကိုယ်ရေး အချက်အလက်တို့ကို မြို့နယ်အုပ်ချုပ်ရေးမှူးထံ တင်ပြရမည်။

၈။ မြို့နယ်အုပ်ချုပ်ရေးမှူးသည် ကြီးကြပ်ရေးအဖွဲ့ကတင်ပြသော အမည်စာရင်းပါ ပုဂ္ဂိုလ်ကိုစိစစ်ပြီး ပုဒ်မ ၅ ပါ အရည်အချင်းများနှင့် ပြည့်စုံပါက ခရိုင်အုပ်ချုပ်ရေးမှူး၏ အတည်ပြုချက်ဖြင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအဖြစ် ခန့်အပ်တာဝန်ပေးရမည်။

၉။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ သက်တမ်းသည် ပြည်သူ့လွှတ်တော်၏ သက်တမ်းနှင့်အညီဖြစ်သည်။ ယင်း၏သက်တမ်းသည် သုံးကြိမ်ထက် မပိုစေရ။

၁၀။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးသည် နိုင်ငံရေးပါတီ တစ်ခုခု၏ အဖွဲ့ဝင်ဖြစ်လျှင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်နေ့မှစ၍ မိမိတာဝန်ထမ်းဆောင်စဉ် သက်တမ်း အတွင်း ယင်းပါတီအဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း မပြုရ။

အခန်း(၅)
လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်များ

၁၁။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးသည် လုပ်ငန်းတာဝန်များ ကို ဆောင်ရွက်ရာတွင် အောက်ပါကျင့်ဝတ်များနှင့်အညီ ကျင့်သုံးဆောင်ရွက်ရမည်-

(က) လုပ်ငန်းတာဝန်များကို ဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ခြင်း၊

(ခ) လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုခြင်း၊ အရှိန်အဝါကို အသုံးပြုခြင်း၊ မသမာမှု ပြုခြင်းနှင့် မလျော်သြဇာသုံးခြင်းတို့မှ ရှောင်ကြဉ်ခြင်း၊

(ဂ) ဥပဒေနှင့်အညီ ပေးအပ်သည့် လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခြင်း။

အခန်း(၆)
လုပ်ငန်းအခြေခံမူများ

၁၂။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် အောက်ပါအခြေခံမူများနှင့်အညီ ဆောင်ရွက်ရမည်-

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို လိုက်နာစောင့်ထိန်းခြင်း၊

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ခြင်း၊

(ဂ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုနေ ပြည်သူများ အေးချမ်း တည်ငြိမ်စွာ လုပ်ကိုင်နေထိုင်နိုင်စေခြင်း၊

(ဃ) ရပ်ရွာဒေသ ဓလေ့ထုံးတမ်းစဉ်လာနှင့် လူမျိုးနွယ်စုများ၏ ဓလေ့ ထုံးတမ်းများကို အလေးထားခြင်း၊

(င) အများပြည်သူအကျိုးနှင့် ဒေသခံပြည်သူများ၏အကျိုးကို လတ်တလော ထိခိုက်စေသည့် ဘေးအန္တရာယ်များ ကျရောက်သဖြင့် အရေးပေါ်အခြေ အနေပေါ်ပေါက်သည့်အခါ ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင် ရွက်သည့် လုပ်ငန်းတိုင်းသည် ယင်းတို့အတွက် အရေးကြီးပြီး တိုက်ရိုက် အကျိုးပြုသည့် လုပ်ငန်းဖြစ်စေရမည့်အပြင် ဒေသခံပြည်သူများအပေါ် ကြီးလေးသော ဝန်ထုပ်ဝန်ပိုး မဖြစ်စေရန် အလေးထားဆောင်ရွက်ခြင်း၊

(စ) မိမိ၏လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ တာဝန်ယူမှုနှင့် တာဝန်ခံမှုရှိခြင်း၊

(ဆ) ဤဥပဒေပါ လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာန၊ အဖွဲ့ အစည်းများ၏ အကြံဉာဏ်ရယူခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။

အခန်း(၇)
ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ လုပ်ငန်းတာဝန်များ

၁၃။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးသည် အောက်ပါလုပ်ငန်း တာဝန်များကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်-

(က) လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် ပြည်သူ့အကျိုးပြုဆောင်ရွက်ရေး၊

(ခ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းနေထိုင်သူများ၏ စည်းကမ်း ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းတာဝန်များဆောင်ရွက်ခြင်း၊

(ဂ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူများ၏ အခွင့် အရေးကို ကာကွယ်စောင့်ရှောက်ခြင်း၊

(ဃ) ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဆိုင်ရာလုပ်ငန်း များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်ပံ့ပိုးကူညီခြင်း၊

(င) မှုခင်းများနှင့် ဒုစရိုက်မှုများဖော်ထုတ်ခြင်း၊ သတင်းပေးတိုင်ကြားခြင်း၊ ဖမ်းဆီးအရေးယူခြင်းများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာအစိုးရဌာန အဖွဲ့ အစည်းများအား သတင်းပို့ခြင်းနှင့် ကူညီခြင်း၊

(စ) ပြည်ထောင်စုအစိုးရ၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရ၊ နေပြည်တော်ကောင်စီနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့တို့ကဖြစ်စေ၊ ယင်းတို့၏ တာဝန် ပေးချက်အရ အစိုးရဌာန၊ အဖွဲ့အစည်းကဖြစ်စေ ဦးစီးကျင်းပသည့် အခမ်းအနားများနှင့် ပွဲများမှအပ အခမ်းအနားများ၊ အများပြည်သူသို့ ဖျော်ဖြေသည့်ပွဲများ၊ ပြပွဲများ၊ ပြိုင်ပွဲများ၊ ရိုးရာဓလေ့အရပွဲများ ကျင်းပခွင့်အမိန့် တောင်းခံခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာမြို့နယ် အုပ်ချုပ်ရေးမှူးထံ သဘောထားမှတ်ချက်တင်ပြခြင်း၊ ကျင်းပခွင့်မရှိဘဲ ဖြစ်စေ၊ သတ်မှတ်ထားသော စည်းကမ်းချက်ကို မလိုက်နာဘဲဖြစ်စေ အခမ်းအနားကိစ္စများအပါအဝင် ပွဲကျင်းပပါက အရေးယူရန်တင်ပြခြင်း၊

(ဆ) အခြား ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုမှ ညဉ့်အိပ်ညဉ့်နေ လာရောက်တည်းခိုသော ဧည့်သည်များအတွက် ဧည့်စာရင်းတိုင်ကြား ခြင်းကို လက်ခံခြင်း၊ ခွင့်ပြုခြင်း၊ ဧည့်စာရင်းစစ်ဆေးခြင်း၊ ဧည့်စာရင်း တိုင်ကြားရန် ပျက်ကွက်လျှင် အရေးယူခြင်း၊

(ဇ) ရပ်ကွက် သို့မဟုတ် ကျေးရွာအတွင်း နေထိုင်သူမဟုတ်သော မသင်္ကာဖွယ် သူစိမ်းတွေ့ရှိပါက သက်ဆိုင်ရာသို့ သတင်းပို့ခြင်းနှင့် ထူးခြားဖြစ်စဉ်များကို အချိန်နှင့်တစ်ပြေးညီ အစီရင်ခံခြင်း၊

(ဈ) အသံချဲ့စက်ဖွင့်ခွင့်တောင်းခံခြင်းကို စည်းကမ်းချက်သတ်မှတ်၍ ခွင့်ပြု ခြင်း၊ ခွင့်ပြုချက်မရှိဘဲ အသံချဲ့စက်ဖွင့်သူ သို့မဟုတ် စည်းကမ်းဖောက် ဖျက်သူအား အရေးယူခြင်း၊ အရေးယူရန်အကြောင်းကြားခြင်း၊

(ည) ဘိလိယက်ခုံနှင့် ဘိလိယက်ခုံကဲ့သို့သော အများပြည်သူနှင့်သက်ဆိုင် သည့် ဖျော်ဖြေမှု၊ အပန်းဖြေအနားယူမှုလုပ်ငန်းများ တည်ထောင်ခွင့် တောင်းခံလာပါက သဘောထားမှတ်ချက်ဖြင့် သက်ဆိုင်ရာသို့ တင်ပြ ခြင်း၊ ခွင့်ပြုချက်မရှိဘဲ ဖွင့်လှစ်လျှင်ဖြစ်စေ၊ စည်းကမ်းချက်မလိုက်နာ လျှင်ဖြစ်စေ အရေးယူခြင်း၊ အရေးယူရန် အကြောင်းကြားခြင်း၊

(ဋ) အများပြည်သူဆိုင်ရာနေရာတွင် လောင်းကစားခြင်းကို ဖမ်းဆီးခြင်း၊ အရေးယူနိုင်ရန် အကြောင်းကြားခြင်း၊

(ဌ) လောင်းကစားအိမ်သို့ ဝင်ရောက်ရှာဖွေခြင်း သို့မဟုတ် ရှာဖွေရန်ဝရမ်း ထုတ်ပေးခြင်း၊

(ဍ) လက်ပူးလက်ကြပ်ဖမ်းဆီးရမိခြင်းမရှိသော သတင်းကျော်စောသည့် လူဆိုး၊ သူခိုးများအား ဖမ်းဆီးခြင်း၊ အရေးယူရန်အကြောင်းကြားခြင်း၊

(ဎ) တရားဥပဒေစိုးမိုးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးအတွက် စစ်ဆေးရန် လိုအပ်သော နေရာများကို အခါအားလျော်စွာ စစ်ဆေးခြင်း၊

(ဏ) လမ်းများ၊ အများပြည်သူဆိုင်ရာနေရာများတွင် အများပြည်သူအား အနှောင့်အယှက်ဖြစ်စေရန်၊ အန္တရာယ်ဖြစ်စေရန်၊ ထိခိုက်နစ်နာစေရန် ပြုလုပ်မှုအတွက် လည်းကောင်း၊ ခိုက်ရန်ဖြစ်ပွားမှုကို လည်းကောင်း၊ ခွင့်ပြုချက်မရှိသော လက်နက်ခဲယမ်းများကိုင်ဆောင်မှုကို လည်းကောင်း တားမြစ်ခြင်း၊ ယင်းသို့တားမြစ်သည်ကို လိုက်နာခြင်းမရှိပါက ဖမ်းဆီး ခြင်း၊ ဖမ်းဆီးရန် အကြောင်းကြားခြင်း၊

(တ) နိုင်ငံခြားသားဝင်ထွက်သွားလာမှုကို သက်ဆိုင်ရာသို့ သတင်းပေးပို့ခြင်း၊

(ထ) မိမိရှေ့တွင်ဖြစ်ပွားသော ပြစ်မှုနှင့်စပ်လျဉ်း၍ ပြစ်မှုကျူးလွန်သူအား ကိုယ်တိုင် ဖမ်းဆီးခြင်း သို့မဟုတ် ဖမ်းဆီးစေခြင်း၊ ယင်းသို့ ဖမ်းဆီးခံရ သူကို အရေးယူရန် သက်ဆိုင်ရာသို့ အကြောင်းကြားခြင်း၊

(ဒ) ကူးစက်ရောဂါကြိုတင်ကာကွယ်ရေး၊ မီးဘေးကာကွယ်ရေးနှင့် မီးငြိမ်း သတ်ရေး၊ အများပြည်သူတို့အား နှောင့်ယှက်မှုမှ တားဆီးရေးတို့ကို ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ခြင်း၊

(ဓ) ဖွားသေမှတ်ပုံတင်စာရင်းနှင့် အိမ်ထောင်စုပြောင်းရွှေ့ထွက်ခွာခြင်း၊ ပြောင်းရွှေ့ရောက်ရှိခြင်းနှင့် လူဦးရေစာရင်းများပြုစုခြင်း၊

(န) လူနှင့် တိရစ္ဆာန်များတွင် ကူးစက်ရောဂါဖြစ်ပွားပါက သက်ဆိုင်ရာသို့ သတင်းပို့ခြင်း၊ တိရစ္ဆာန်များ စနစ်တကျမွေးမြူရန် စည်းကမ်းသတ်မှတ် ခြင်း၊ သတ်ဖြတ်ခွင့်မရှိဘဲ ဖြစ်စေ၊ စည်းကမ်းနှင့်မညီဘဲ ဖြစ်စေ ကျွဲနွား သတ်ဖြတ်ခြင်းကို တားမြစ်ခြင်း၊ မလိုက်နာပါက သက်ဆိုင်ရာသို့ အရေးယူရန် အကြောင်းကြားခြင်း၊

(ပ) နိုင်ငံပိုင်မြေ၊ မြို့မြေ၊ ကျေးရွာမြေ၊ လယ်ယာမြေ၊ မြေနုကျွန်း၊ လမ်းမြေ၊ သစ်တောမြေ၊ ကျေးရွာပိုင် ထင်းစိုက်ခင်းမြေ၊ စားကျက်မြေ၊ ကျေးရွာ ဘုံမြေ၊ သုသာန်မြေများတွင် ခွင့်ပြုချက်မရှိဘဲ ကျူးကျော်ခြင်း၊ အိမ်စု အသစ်ဆောက်လုပ်ခြင်း၊ ရပ်ကွက်ကျေးရွာအသစ်ဖွဲ့စည်းခြင်း၊ နေအိမ် အဆောက်အအုံ ဆောက်လုပ်ခြင်းတို့ကို တားမြစ်ခြင်း၊ မလိုက်နာပါက အရေးယူရန် အကြောင်းကြားခြင်း၊

(ဖ) ရပ်ကွက် သို့မဟုတ် ကျေးရွာအတွင်းရှိ ဆည်မြောင်း၊ တာတမံများ၊ မြစ်၊ ချောင်းများ၊ ကူးမြောင်းများ၊ လယ်ကြားမြောင်းများ၊ ရေဆိုးထုတ် မြောင်းများ၊ ရေတူးမြောင်းရေကန်များ၊ စက်ရေတွင်းများ၊ လက်ရိုက်တွင်း တိမ်များ၊ စိမ့်စမ်းရေထွက်များကို ထိန်းသိမ်းခြင်း၊ ကျူးကျော်ဖျက်ဆီး မှုများကို သက်ဆိုင်ရာသို့ အရေးယူရန်အကြောင်းကြားခြင်း၊

(ဗ) ရပ်ကွက် သို့မဟုတ် ကျေးရွာ… ဆက်စပ်သည့် နယ်နိမိတ်မှတ်… စစ်ဆေးကြည့်ရှုခြင်း၊ နယ်နိမိ… ထူးခြားမှုအခြေအနေများကို မြို့…

(ဘ) တည်ဆဲဥပဒေတစ်ရပ်ရပ်က … လယ်ယာမြေ စီမံခန့်ခွဲခြင်း၊

(မ) ရွာမြေများအတွက်နှင့် ရွာမြေမျာ… မည်ဆိုပါက မြို့နှင့် ကျေးရွာမြေ… တင်ပြဆောင်ရွက်ခြင်း၊

(ယ) မြေခွန်နှင့် အစိုးရချေးငွေများ…

(ရ) အင်းအိုင်များ၊ ငါးမွေးကန်များထိ… ချက်မရှိဘဲ ကျူးကျော်သူများ၊ … မလိုက်နာပါက သက်ဆိုင်ရာသို့…

(လ) မီးဘေး၊ ရေဘေး၊ လေဘေး၊ … အန္တရာယ်များ ကြိုတင်ကာကွ… ကျရောက်ပါက ကယ်ဆယ်ရေး၊ … ဆောင်ရွက်ခြင်း၊

(ဝ) အများပြည်သူအကျိုးနှင့် ဒေသခံ… ထိခိုက်စေသည့် ဘေးအန္တရာယ်မ… အနေ ပေါ်ပေါက်သည့်အခါ ဒေ… တိုက်ရိုက်အကျိုးပြုသည့်လုပ်ငန်း… ရယူပြီး ဆောင်ရွက်ခြင်း၊

(သ) ရပ်ကွက် သို့မဟုတ် ကျေးရွာအု… များ၏ လုပ်ငန်းတာဝန်များကို …

(ဟ) သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေ… လုပ်ငန်းတာဝန်များ ဆောင်ရွက်…

(ဠ) တည်ဆဲဥပဒေတစ်ရပ်ရပ်က … ဆောင်ရွက်ခြင်း။

အခန်း(၈…
နုတ်ထွက်ခွင့်ပြုခြင်း၊ တာဝန်… သို့မဟုတ် ရပ်စဲခြင်းနှင့် အ…

၁၄။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်… သော်လည်းကောင်း၊ မိမိ၏ ဆန္ဒအလျောက်… ခွင့်ပြုရန် မြို့နယ်အုပ်ချုပ်ရေးမှူးထံ တင်ပြနို…

၁၅။ မြို့နယ်အုပ်ချုပ်ရေးမှူးသည် ရပ်ကွက်… ရေးမှူး တစ်ဦးဦးနှင့် ပတ်သက်၍ အောက်ပါ… လိုအပ်ပါက စုံစမ်းစစ်ဆေးမှုပြုပြီး ခရိုင်အု… နုတ်ထွက်ခွင့် ပြုခြင်း၊ တာဝန်မှ ယာယီရပ်ဆိုင်…

(က) တာဝန်မှ နုတ်ထွက်ခွင့်ပြုရန်တင်…

(ခ) အခန်း(၅)ပါ လိုက်နာစောင့်… ဖောက်ဖျက်ခြင်း၊

(ဂ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ …

(ဃ) အခြားအရပ်ဒေသတစ်ခုခုသို့ အ…

(င) ကွယ်လွန်ခြင်း၊

(စ) ဤဥပဒေ အခန်း(၃)တွင် ပြဋ္ဌာ… ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး…

၁၆။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအု… ခွင့်ပြုခြင်း၊ တာဝန်မှ ယာယီရပ်ဆိုင်းခြင်း သို့…

(က) နုတ်ထွက်ခွင့်ပြုခြင်း သို့မဟုတ် တ… ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်… ၅၊ ၆ နှင့် ၇ တို့ပါ ပြဋ္ဌာန်းချက်… ၃၀ အတွင်း အစားထိုးခန့်အပ်…

(ခ) အစားထိုးတာဝန်ပေးအပ်ခြင်းခံ… အုပ်စု အုပ်ချုပ်ရေးမှူး၏ သက်… သို့မဟုတ် တာဝန်မှ ရပ်စဲခြင်းခံ… သာ ဖြစ်ရမည်။

(ဂ) တာဝန်မှယာယီရပ်ဆိုင်းခြင်းခံရ… ခြင်း သို့မဟုတ် တာဝန်မှရပ်စဲ… ဖြစ်စေ သက်ဆိုင်ရာရပ်ကွက် … မှူး၏ တာဝန်ကို ထမ်းဆောင်ရ… ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်… ဒုတိယဦးစားပေးအဆင့်ရရှိသူအ…

အခန်း(၉…
ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်…

၁၇။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအ… တစ်ရပ်ရပ်ပေါ်ပေါက်ပါက သက်ဆိုင်ရာရပ်ကွ… ရေးမှူးထံ သတ်မှတ်ချက်များနှင့်အညီ တိုင်…

စာမျက်နှာ(၇)မှ

နေပြည်တော်စည်ပင်သာယာရေးကော်မတီ

[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁	၂	၃	၄	၅	၆	၇	၈	၉	၁၀	၁၁	၁၂
၁	၁	[illegible]	[illegible]	[illegible]							
		စုစုပေါင်း		[illegible]							

(ဗ) ရပ်ကွက် သို့မဟုတ် ကျေးရွာအတွင်းရှိ မြေတိုင်းမှတ်တိုင်များနှင့် ဆက်စပ်သည့် နယ်နိမိတ်မှတ်တိုင် သို့မဟုတ် ကျောက်တိုင်များ စစ်ဆေးကြည့်ရှုခြင်း၊ နယ်နိမိတ်တစ်လျှောက်တွင် ဖြစ်ပေါ်သည့် ထူးခြားမှုအခြေအနေများကို မြို့နယ်အုပ်ချုပ်ရေးမှူးထံ တင်ပြခြင်း၊

(ဘ) တည်ဆဲဥပဒေတစ်ရပ်ရပ်က အပ်နှင်းထားသော လုပ်ပိုင်ခွင့်အရ လယ်ယာမြေ စီမံခန့်ခွဲခြင်း၊

(မ) ရွာမြေများအတွက်နှင့် ရွာမြေများအတွင်း မြေနေရာများကို ချထားပေးမည်ဆိုပါက မြို့နှင့် ကျေးရွာမြေများဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ တင်ပြဆောင်ရွက်ခြင်း၊

(ယ) မြေခွန်နှင့် အစိုးရချေးငွေများကောက်ခံပေးခြင်း၊

(ရ) အင်းအိုင်များ၊ ငါးမွေးကန်များထိန်းသိမ်းခြင်း၊ အင်းအိုင်များတွင် ခွင့်ပြုချက်မရှိဘဲ ကျူးကျော်သူများ၊ ငါးပုစွန်ဖမ်းသူများကို တားမြစ်ခြင်း၊ မလိုက်နာပါက သက်ဆိုင်ရာသို့ အရေးယူရန် အကြောင်းကြားခြင်း၊

(လ) မီးဘေး၊ ရေဘေး၊ လေဘေး၊ ငလျင်ဘေး စသည့် သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေးနှင့် သဘာဝဘေးအန္တရာယ်ကျရောက်ပါက ကယ်ဆယ်ရေး၊ ပြန်လည်နေရာချထားရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဝ) အများပြည်သူအကျိုးနှင့် ဒေသခံပြည်သူများ၏အကျိုးကို လတ်တလောထိခိုက်စေသည့် ဘေးအန္တရာယ်များကျရောက်သဖြင့် အရေးပေါ်အခြေအနေ ပေါ်ပေါက်သည့်အခါ ဒေသခံပြည်သူတို့အတွက် အရေးကြီးပြီး တိုက်ရိုက်အကျိုးပြုသည့်လုပ်ငန်းကို မြို့နယ်အုပ်ချုပ်ရေးမှူးထံ ခွင့်ပြုချက်ရယူပြီး ဆောင်ရွက်ခြင်း၊

(သ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအဆင့် ဌာနဆိုင်ရာအဖွဲ့အစည်းများ၏ လုပ်ငန်းတာဝန်များကို ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် ပံ့ပိုးကူညီခြင်း၊

(ဟ) သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးက ဥပဒေနှင့်အညီ ပေးအပ်သော လုပ်ငန်းတာဝန်များ ဆောင်ရွက်ခြင်း၊

(ဠ) တည်ဆဲဥပဒေတစ်ရပ်ရပ်က ပေးအပ်သော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

အခန်း(၈)
နုတ်ထွက်ခွင့်ပြုခြင်း၊ တာဝန်မှ ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ရပ်စဲခြင်းနှင့် အစားထိုးခန့်အပ်ခြင်း

၁၄။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် ကျန်းမာရေးကြောင့်သော်လည်းကောင်း၊ မိမိ၏ ဆန္ဒအလျောက်သော်လည်းကောင်း တာဝန်မှ နုတ်ထွက်ခွင့်ပြုရန် မြို့နယ်အုပ်ချုပ်ရေးမှူးထံ တင်ပြနိုင်ခွင့်ရှိသည်။

၁၅။ မြို့နယ်အုပ်ချုပ်ရေးမှူးသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး တစ်ဦးဦးနှင့် ပတ်သက်၍ အောက်ပါအကြောင်းတစ်ရပ်ရပ်ပေါ်ပေါက်လျှင် လိုအပ်ပါက စုံစမ်းစစ်ဆေးမှုပြုပြီး ခရိုင်အုပ်ချုပ်ရေးမှူး၏ အတည်ပြုချက်ဖြင့် နုတ်ထွက်ခွင့် ပြုခြင်း၊ တာဝန်မှ ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ရပ်စဲခြင်းပြုနိုင်သည်-

(က) တာဝန်မှ နုတ်ထွက်ခွင့်ပြုရန်တင်ပြချက်ကို လက်ခံရရှိခြင်း၊

(ခ) အခန်း(၅)ပါ လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း၊

(ဂ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အရေးယူခံရခြင်း၊

(ဃ) အခြားအရပ်ဒေသတစ်ခုခုသို့ အမြဲတမ်းပြောင်းရွှေ့ခြင်း၊

(င) ကွယ်လွန်ခြင်း၊

(စ) ဤဥပဒေ အခန်း(၃)တွင် ပြဋ္ဌာန်းထားသော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ အရည်အချင်းပျက်ယွင်းခြင်း။

၁၆။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတစ်ဦးဦးအား နုတ်ထွက်ခွင့်ပြုခြင်း၊ တာဝန်မှ ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ရပ်စဲခြင်းနှင့် စပ်လျဉ်း၍-

(က) နုတ်ထွက်ခွင့်ပြုခြင်း သို့မဟုတ် တာဝန်မှရပ်စဲခြင်းကြောင့် လစ်လပ်သည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနေရာအတွက် ပုဒ်မ ၅၊ ၆ နှင့် ၇ တို့ပါ ပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်၍ ရက်ပေါင်း ၃၀ အတွင်း အစားထိုးခန့်အပ်တာဝန်ပေးရမည်။

(ခ) အစားထိုးတာဝန်ပေးအပ်ခြင်းခံရသော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ သက်တမ်းကာလသည် နုတ်ထွက်ခွင့်ပြုခြင်း သို့မဟုတ် တာဝန်မှ ရပ်စဲခြင်းခံရသူ၏ ကျန်သက်တမ်းကာလအတွက်သာ ဖြစ်ရမည်။

(ဂ) တာဝန်မှယာယီရပ်ဆိုင်းခြင်းခံရသည့် ကာလတွင်ဖြစ်စေ၊ နုတ်ထွက်ခြင်း သို့မဟုတ် တာဝန်မှရပ်စဲခြင်းကြောင့် လစ်လပ်နေသည့် ကာလတွင်ဖြစ်စေ သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ တာဝန်ကို ထမ်းဆောင်ရန် မြို့နယ်အုပ်ချုပ်ရေးမှူးသည် ယင်းရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းရှိ ပုဒ်မ ၇၊ ပုဒ်မခွဲ(ဆ)အရ ဒုတိယဦးစားပေးအဆင့်ရရှိသူအား ယာယီတာဝန်ပေးအပ်ရမည်။

အခန်း(၉)
ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူ၏ တာဝန်ဝတ္တရားများ

၁၇။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းနေထိုင်သူသည် အောက်ပါကိစ္စတစ်ရပ်ရပ်ပေါ်ပေါက်ပါက သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးထံ သတ်မှတ်ချက်များနှင့်အညီ တိုင်ကြားရမည် -

(က) အခြားရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုတစ်ခုခုတွင် နေထိုင်ပြီး မိမိအိမ်ထောင်စုစာရင်းဝင်မဟုတ်သူက ညဥ့်အိပ်ညဥ့်နေဧည့်သည်အဖြစ် လာရောက်တည်းခိုခြင်း၊

(ခ) မိမိထံလာရောက်တည်းခိုသော ဧည့်သည်ပြန်လည်ထွက်ခွာသွားခြင်း။

၁၈။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူသည် အသံချဲ့စက်ဖွင့်လိုပါက သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးထံမှ ခွင့်ပြုမိန့်ရယူရမည့်အပြင် သတ်မှတ်ထားသည့် စည်းကမ်းချက်များကို လိုက်နာရမည်။

၁၉။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူများသည်-

(က) မှုခင်းများ၊ ဒုစရိုက်မှုများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာသို့ သတင်းပေးပို့ရမည်။

(ခ) တိရစ္ဆာန်များ စနစ်တကျမွေးမြူရန် သတ်မှတ်သည့် ညွှန်ကြားချက်ကို လိုက်နာရမည်။

(ဂ) မွေးဖွားခြင်း၊ သေဆုံးခြင်းနှင့် အိမ်ထောင်စုပြောင်းရွှေ့ထွက်ခွာခြင်း၊ ပြောင်းရွှေ့ရောက်ရှိခြင်းတို့ကို သတင်းပေးပို့ရမည်။

၂၀။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းနေထိုင်သူသည် ဘိလိယက်ခုံနှင့် ဘိလိယက်ခုံကဲ့သို့သော အများပြည်သူနှင့်သက်ဆိုင်သည့် ဖျော်ဖြေမှု၊ အပန်းဖြေအနားယူမှုလုပ်ငန်းများ တည်ထောင်လိုပါက သက်ဆိုင်ရာတာဝန်ရှိသူထံမှ ခွင့်ပြုချက်ရယူရမည့်အပြင် သတ်မှတ်ထားသည့် စည်းကမ်းချက်များကို လိုက်နာရမည်။

၂၁။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူသည် အခမ်းအနားများ၊ အများပြည်သူ ဖျော်ဖြေသည့်ပွဲများ၊ ပြပွဲများ၊ ပြိုင်ပွဲများ၊ ရိုးရာဓလေ့အရ ပြုလုပ်သည့် ပွဲများကို ကျင်းပလိုပါက သက်ဆိုင်ရာတာဝန်ရှိသူထံမှ ခွင့်ပြုမိန့်ရယူရမည့်အပြင် သတ်မှတ်ပေးထားသည့် စည်းကမ်းချက်များကို လိုက်နာရမည်။

၂၂။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူသည် ဒေသခံပြည်သူများ၏ အကျိုးစီးပွားကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထိခိုက်နစ်နာစေရန် ပြုလုပ်ခြင်းကို ရှောင်ကြဉ်ရမည်။

၂၃။ ဘေးအန္တရာယ် တစ်စုံတစ်ရာကျရောက်ပြီး အရေးပေါ်အခြေအနေ ပေါ်ပေါက်သည့်အခါ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူသည် အများပြည်သူအကျိုးငှာ တိုက်ရိုက်အကျိုးပြုသည့် လုပ်ငန်းများကို ကူညီဆောင်ရွက်ရမည်။

အခန်း(၁၀)
ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူများ၏ အခွင့်အရေးများ

၂၄။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူများ၏ အောက်ပါအခွင့်အရေးများကို စောင့်ရှောက်ပေးရမည်-

(က) နေအိမ်ဥပစာလုံခြုံမှုနှင့် ပစ္စည်းလုံခြုံမှုအခွင့်အရေး၊

(ခ) ဘာသာသာသနာဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ခွင့်၊

(ဂ) စာပေ၊ ယဉ်ကျေးမှု၊ အနုပညာနှင့် ဓလေ့ထုံးတမ်းများ ပြုစုပျိုးထောင်ခွင့်၊

(ဃ) ပညာသင်ကြားရေးဆိုင်ရာ အခွင့်အရေး၊

(င) ကျန်းမာရေးဆိုင်ရာအခွင့်အရေး၊

(စ) လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအခွင့်အရေး။

အခန်း(၁၁)
ပြစ်မှုနှင့် ပြစ်ဒဏ်များ

၂၅။ မည်သူမဆို ပုဒ်မ ၂၀ ပါ တာဝန်ကို ဆောင်ရွက်ရန် ပျက်ကွက်လျှင် ထိုသူကို တစ်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ သက်ဆိုင်ရာတရားရုံးက ချမှတ်ရမည်။

၂၆။ မည်သူမဆို ပုဒ်မ ၂၁ ပါ တာဝန်ကို ဆောင်ရွက်ရန် ပျက်ကွက်လျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ သက်ဆိုင်ရာတရားရုံးက ချမှတ်ရမည်။

၂၇။ မည်သူမဆို ပုဒ်မ ၁၇၊ ၁၈ နှင့် ၁၉ ပါ တာဝန်ကို ဆောင်ရွက်ရန် ပျက်ကွက်လျှင် ထိုသူကို ကျပ်ငါးထောင်ထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။ ငွေဒဏ်ပေးဆောင်ရန် ပျက်ကွက်ပါက ခုနစ်ရက်ထက်မပိုသော ထောင်ဒဏ်ကျခံစေရန် သက်ဆိုင်ရာတရားရုံးက ချမှတ်ရမည်။

အခန်း(၁၂)
ချီးမြှင့်ထောက်ပံ့ငွေ

၂၈။ ပြည်ထောင်စုအစိုးရအဖွဲ့ ပြည်ထဲရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအတွက် အောက်ပါချီးမြှင့်ထောက်ပံ့ငွေများကို သတ်မှတ်ပေးရမည်-

(က) လစဉ်ချီးမြှင့်ထောက်ပံ့ငွေ၊

(ခ) သက်တမ်းကာလအပြည့် တာဝန်ကို ကျေပွန်စွာထမ်းဆောင်ပါက တစ်လုံးတစ်ခဲတည်း ချီးမြှင့်ငွေ။

အခန်း(၁၃)
ရုံးအသုံးစရိတ်များ

၂၉။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးများအတွက် ရုံးအသုံးစရိတ်များ သုံးစွဲနိုင်ရန် နှစ်စဉ် ရသုံးမှန်းခြေငွေစာရင်း၌ မြို့နယ်အလိုက် သင့်လျော်သည့် ရန်ပုံငွေပမာဏကို ခွဲဝေသတ်မှတ်လျာထားရမည်။

၃၀။ ပုဒ်မ ၂၉ တွင် ခွဲဝေသတ်မှတ်ထားသော ရန်ပုံငွေကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးက ညွှန်ကြားချက်များနှင့်အညီ မြို့နယ်အုပ်ချုပ်ရေးမှူးထံသို့ တင်ပြတောင်းခံပြီး စနစ်တကျသုံးစွဲရမည်။

အခန်း(၁၄)
ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုစာရေး

၃၁။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် အဓိက အထောက်အကူပြုရုံးဝန်ထမ်းမှာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုစာရေးဖြစ်သည်။

၃၂။ အဆိုပါ ရုံးဝန်ထမ်း၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ ညွှန်ကြားချက်အရ အစည်းအဝေးဖိတ်ခေါ်ခြင်း၊ သတ်မှတ်သည့်နေ့ရက်၊ အချိန်၊ အစီအစဉ်အတိုင်း ကျင်းပခြင်း၊

(ခ) အစည်းအဝေးများတွင် အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ခြင်း၊

(ဂ) အစည်းအဝေးမှတ်တမ်းများ ပြုစုခြင်း၊ မှတ်တမ်းကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ အတည်ပြုချက်ဖြင့် ဖြန့်ဝေခြင်း၊

(ဃ) အစည်းအဝေးဆုံးဖြတ်ချက်ပါ လုပ်ငန်းများကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ ညွှန်ကြားချက်အတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(င) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ ညွှန်ကြားချက်အရ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း ထားရှိရမည့် စာရင်းဇယားများ၊ ပုံစံများကောက်ယူခြင်း၊ ပြုစုထားရှိခြင်း၊

(စ) အခန်း (၁၂)ပါ ချီးမြှင့်ထောက်ပံ့ငွေဆိုင်ရာ ငွေကြေးကိစ္စများ၊ အခန်း(၁၃)ပါ ရုံးအသုံးစရိတ်များနှင့်စပ်လျဉ်း၍ ငွေစာရင်းများရေးဆွဲခြင်း၊ ထိန်းသိမ်းခြင်း၊ ရငွေသုံးငွေ အသုံးစရိတ်ပြန်တမ်းများ တင်ပြခြင်းတို့ကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ အတည်ပြုချက်ဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူးထံ တင်ပြခြင်း၊

(ဆ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးမှ ပေးအပ်သော တာဝန်များကို ဆောင်ရွက်ခြင်း။

အခန်း(၁၅)
အထွေထွေ

၃၃။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် ဧည့်စာရင်းတိုင်ကြားခြင်းကိစ္စနှင့် စပ်လျဉ်း၍ ငွေကြေးတစ်စုံတစ်ရာ ကောက်ခံခြင်းမပြုရ။

၃၄။ သက်ဆိုင်ရာ ရဲတပ်ဖွဲ့စခန်းသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၏ လုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင် ထိရောက်စေရေးအတွက် အောက်ပါအတိုင်း ပံ့ပိုးဆောင်ရွက်ပေးရမည် -

(က) လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် ပြည်သူ့အကျိုးပြုဆောင်ရွက်ခြင်း၊

(ခ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူများအား စည်းကမ်းထိန်းသိမ်းခြင်း၊

(ဂ) မှုခင်းများနှင့် ဒုစရိုက်မှုများဖော်ထုတ်ခြင်း၊ ဖမ်းဆီးခြင်း၊ အရေးယူခြင်း၊ သတင်းပေးပို့ခြင်း၊

(ဃ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လုံခြုံရေးနှင့် ကာကွယ်ရေးအစီအမံများအရ ဆောင်ရွက်ခြင်း။

၃၅။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် မိမိ၏လုပ်ငန်းတာဝန်များကို ထိရောက်စွာဆောင်ရွက်နိုင်ရန် လိုအပ်သော အထောက်အကူရရှိနိုင်ရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူးထံ တင်ပြ၍ စီမံဆောင်ရွက်နိုင်သည်။

၃၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

(က) ပြည်ထောင်စုအစိုးရအဖွဲ့ ပြည်ထဲရေးဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့ ပြည်ထဲရေးဝန်ကြီးဌာနသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၃၇။ မြို့များအက်ဥပဒေ (၁၉၀၇ ခုနှစ်၊ မြန်မာနိုင်ငံအက်ဥပဒေအမှတ် ၃) နှင့် ကျေးရွာအက်ဥပဒေ (၁၉၀၇ ခုနှစ်၊ မြန်မာနိုင်ငံအက်ဥပဒေအမှတ် ၆)တို့ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

MRTV-4
ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂၅-၂-၂၀၁၂ (စနေနေ့)

၅း၄၀	"အရှင်စူဠပန်အကြောင်း ဥပမာပြ ခန္ဓာဉာဏ်ရောက်ဒိဋ္ဌိဖြုတ်" တရားတော်(မုံလယ်တောရ ဆရာတော်ဘဒ္ဒန္တသံဝရ)
၈း၄၅	The Shop Around The Corner (Part-30)
၈း၅၅	နာဂလိုဏ်ဂူအဘိုးကလေးဝ ဆရာတော်ကြီးပူဇော်ပွဲ ငွေရတုမင်္ဂလာ
၉း၃၅	Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၁၀း၁၅	မြန်မာမှုနှင့်အတူ ဒေါင်းရွှေအလှူ
၁၀း၃၀	သွားမယ်စားမယ်
၁၁း၀၀	ရန်ကုန်မြင်ကွင်းကျယ် (တိုင်းရင်းသားရိုးရာ အထိမ်းအမှတ်ဝတ်စုံနှင့် ရိုးရာအစားအစာရောင်းချပွဲ)
၁၁း၂၀	သူတို့ပြောတဲ့သူတို့အကြောင်း
၂း၂၀	VJ Choice
၃း၀၀	Activities In The City (Mascots Health Care နှင့် တန်တောက်စင်းဆေးရုံကြီးတို့ ပူးပေါင်းကျင်းပသည့်အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာဆွေးနွေးပွဲ)
၃း၃၅	ဂဏန်းသင်္ချာပျော်စရာ
၅း၀၀	မနောမြေ၏အလှပန်း. . . (အပိုင်း-၁)
၅း၂၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တေးသွားဧကရီ"(အပိုင်း-၂၇)**
၆း၁၅	Movie Talk [ဒါရိုက်တာကြည်စိုးထွန်း၊ လူကြမ်းမောင်လေး](အပိုင်း-၅)
၆း၃၅	မဲဇလီကုန်းမြို့ ကျောင်းသားဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲ
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်တေးသံရင်ခုန်သံ" (အပိုင်း-၃)**
၇း၄၅	KAPLIN CITY CAMPUS
၈း၃၀	Fashion Week(Euphoria) (Part-4)
၉း၀၀	L.S.S Golden Kick's of Future အနာဂတ်၏ကန်ချက်များ
၉း၂၅	Barclays Premier League (Newscastle Vs Wolves)
၁၁း၅၅	Barclays Premier League (Man City Vs Blackburn)
၂း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညွှန်ရာ" (အပိုင်း-၈၀)**

Barclays Premier League
ဘောလုံးပွဲစဉ်များ

၉း၂၅
Newscastle - Wolves
(Star Sports)(MRTV-4)

၉း၂၅
Chelsea - Bolton Wanderers
(ESPN)

၁၁း၅၅
Man City - Blackburn
(ESPN) (MRTV-4)

***ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။**

ရေကြောင်းသတိပေးချက်ထုတ်ပြန်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများ၌ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PC Myanmar (Hong Kong) Limited သည် တနင်္သာရီကမ်းလွန်လုပ်ကွက်အမှတ် M-12 တွင် 3D Marine Seismic Acquisition Survey တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV Western Spirit ဖြင့် မတ် ၃ ရက်မှ ဇွန် ၃ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

3D Marine Seismic Acquisition Survey တိုင်းတာရေးလုပ်ငန်း ဆောင်ရွက်မည့် တနင်္သာရီကမ်းလွန်လုပ်ကွက်အမှတ် M-12 ၏ ဧရိယာတည်နေရာများမှာ Point A မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၀၄ မိနစ် ၃၂ ဒသမ ၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၂၅ မိနစ် ၄၆ ဒသမ ၈ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၃၅ မိနစ် ၃၉ ဒသမ ၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၂၅ မိနစ် ၄၆ ဒသမ ၀ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၃၅ မိနစ် ၅၉ ဒသမ ၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၂၇ မိနစ် ၂၅ ဒသမ ၈ စက္ကန့်၊ Point D မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၃၅ မိနစ် ၃၇ ဒသမ ၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၃၉ မိနစ် ၁၉ ဒသမ ၅ စက္ကန့်၊ Point E မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၂၅ မိနစ် ၁၅ ဒသမ ၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၃၉ မိနစ် ၃၃ ဒသမ ၄ စက္ကန့်၊ Point F မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၀၄ မိနစ် ၃၀ ဒသမ ၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၃၇ မိနစ် ၀၄ ဒသမ ၀ စက္ကန့်၊ Point G မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၀၄ မိနစ် ၃၀ ဒသမ ၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၃၇ မိနစ် ၀၄ ဒသမ ၀ စက္ကန့်နှင့် Point H မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၀၄ မိနစ် ၃၂ ဒသမ ၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ဒီဂရီ ၂၇မိနစ် ၂၆ ဒသမ ၅စက္ကန့် အတွင်းတွင် ဖြစ်သည်။

သို့ဖြစ်၍ တနင်္သာရီကမ်းလွန်လုပ်ကွက် အမှတ် M-12 တွင် 3D Marine Seismic Acquisition Survey တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV Western Spirit ဖြင့်ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင် ဧရိယာမှ ၄ ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariner's) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများချထားခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂၅-၂-၂၀၁၂ (စနေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၈း၃၅	၃။	"ရေအောက်ကမ္ဘာဆီသို့ ငါးပြတိုက်"
၈း၄၀	၄။	International News

နေ့လယ်ပိုင်း

၁၁း၂၅	၂။	ချစ်စရာ့အရွယ်ကစားကြမယ်
၁း၂၀	၃။	"နူတ်မြိန်ဖွယ်ရာချစ်ဟင်းလျာ"
၁း၃၀	၄။	နိုင်ငံခြားဇာတ်လမ်းတွဲ "ရဲစုံထောက်ဘတ်ဂျောင်ဂွန်း" (အပိုင်း-၅၂)
၂း၃၅	၅။	"တောင်သူဘဝဆတိုး အကျိုးခံစားစပ်မျိုးစပါး" (အပိုင်း-၁)

ညပိုင်း

၃း၄၅	၁။	ထိုင်းနိုင်ငံ BEC-Tero Sasana ဘောလုံးအသင်းနှင့် Myanmar National League ကလပ်အသင်းများခြေစမ်းပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (BEC-TeroSasanaအသင်းနှင့် ရတနာပုံအသင်း) (ဗထူးအားကစားကွင်း၊ မန္တလေးမြို့)
၆း၄၀	၂။	နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ချိုချိုကြင်နာပုံ"(အပိုင်း-၁၆)
၇း၄၀	၃။	"ဧရာဝတီတံတား(မလွန်)၏ သံပေါင်တင်ခြင်း မင်္ဂလာအခမ်းအနားမှ သည်"
	၄။	ကာတွန်းအစီအစဉ် "တောကောင်ငယ်သိုင်းညီနောင်လေးများ"(ဒုတိယတွဲ) (အပိုင်း-၉၄)
	၅။	နိုင်ငံခြားဇာတ်လမ်းတွဲ "ကြယ်ပွင့်လေးရဲ့ဒိုင်ယာရီ" (အပိုင်း-၁၇)
	၆။	ဂီတတံခါးလေးဖွင့်ပါဦး

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ကူဝိတ်နိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၂၅

၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင် ကျရောက်သော ကူဝိတ်နိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ကူဝိတ်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ရှိတ်ဆာဘား အယ်လ်ခါလစ် အယ်လ်ဟာမက် အယ်လ်ဆာဘား ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ဗုဒ္ဓဘာသာအသင်း ဒုတိယဥက္ကဋ္ဌ Ven. Shi Mingsheng ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၄

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ဗုဒ္ဓဘာသာအသင်းဒုတိယဥက္ကဋ္ဌ Ven. Shi Mingsheng ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းတည့် ၁၂ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံသည်။**(ယာပုံ)**

ထိုသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံ ချစ်ကြည်ရေး ရင်းနှီးမှုတိုးမြှင့်ရေးကိစ္စရပ်များနှင့် ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားရေးကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ဌေးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံတောင်ပိုင်းစွန်း ဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၂၄

ယနေ့နံနက် ၉ နာရီခွဲထိမိုးလေဝသ တိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိလျော့နည်းခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ ရခိုင်ပြည်နယ်တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၅ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့်ညအပူချိန်များမှာ** နမ့်စန်မြို့တွင် ၄ ဒီဂရီစင်တီဂရိတ်၊ ပင်လောင်းမြို့တွင် ၆ ဒီဂရီစင်တီဂရိတ်၊ လားရှိုးမြို့၊ ဟဲဟိုးမြို့နှင့် မိုးကုတ်မြို့တို့တွင် ၇ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေ

လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

မြန်မာနိုင်ငံ တောင်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျားမိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။

ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်းများ အမှတ်စဉ်(၄/၂၀၁၂)ဆင်းပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဖေဖော်ဝါရီ ၂၄

နေပြည်တော်ဟိုတယ်ဇုန်မှ ဟိုတယ်ဝန်ထမ်းများ အရည်အသွေး၊ အရည်အချင်းများ ဖွံ့ဖြိုးတိုးတက်လာပြီး လာရောက်တည်းခိုကြသည့် ဧည့်သည်များ၏ လိုအပ်ချက်များအပေါ် ဝန်ဆောင်မှုများ ပိုမိုကောင်းမွန်အောင် ဖြည့်ဆည်းပေးနိုင်စေရန် ရည်ရွယ်၍ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနက ကြီးကြပ်ပြီး နေပြည်တော်ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း၏ ဦးဆောင်မှုဖြင့် ဖွင့်လှစ်ခဲ့သည့် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းများ အမှတ်စဉ်(၄/၂၀၁၂) ဆင်းပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံအနေဖြင့် အပြည်ပြည်ဆိုင်ရာသတင်းဌာနများ၏ ဖော်ပြချက်အရ ၂၀၁၂ ခုနှစ်အတွက် ကမ္ဘာပေါ်တွင် လည်ပတ်ရန် အကောင်းဆုံးနေရာခုနစ်ခုအနက် အဆင့်(၆)နေရာ၌ ရပ်တည်နေကြောင်း၊ ထိုကဲ့သို့ မိမိနိုင်ငံကို ကမ္ဘာက အသိအမှတ်ပြုလာသည်နှင့်အမျှ ခရီးသွားဧည့်သည်များ ပိုမိုစိတ်ဝင်စားပြီး လာရောက်လည်ပတ်ကြမည်ဖြစ်သည့်အတွက် တည်းခိုနေထိုင်နိုင်ရန်ဟိုတယ်များ လိုအပ်လာမည်ဖြစ်သကဲ့သို့ ကောင်းမွန်သောဝန်ဆောင်မှုများပေးနိုင်မည့် ဟိုတယ်ဝန်ထမ်းများလည်း ပိုမိုလိုအပ်လာမည်ဖြစ်ကြောင်း။

ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ အောင်မြင်လာပါက တိုင်းပြည်၏ စီးပွားရေးတိုးတက်လာမည်ဖြစ်၍ လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများစွာ ရရှိလာနိုင်မည်ဖြစ်ကြောင်း၊ မျက်မှောက်ကာလ နိုင်ငံတော်တွင် အစိုးရအသစ် ဖွဲ့စည်းဖြစ်ပေါ်လာမှုနှင့်အတူ ပြောင်းလဲလာသည့်နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးအခြေအနေများကြောင့် ကမ္ဘာ့နိုင်ငံအများစု၏ စိတ်ဝင်စားခြင်းခံရပြီး နိုင်ငံတကာမှ ခရီးသွားဧည့်သည်ဝင်ရောက်မှုများလည်း တိုးတက်လာသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်းပြောကြားပြီး ဟိုတယ်ဝန်ဆောင်မှု ဘာသာရပ်ဆိုင်ရာအလိုက် ထူးချွန်ဆုရရှိကြသူ သင်တန်းသား၊ သင်တန်းသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ယခုဖွင့်လှစ်ခဲ့သည့် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်း(၄)မျိုးတွင် ဟိုတယ်ဧည့်ကြိုလုပ်ငန်းသင်တန်း၌ သင်တန်းသား ၅၆ ဦး၊ ဟိုတယ်အိပ်ခန်းဆောင်ထိန်းသိမ်းရေးသင်တန်း၌ သင်တန်းသား ၅၃ ဦး၊ အစားအစာနှင့် အဖျော်ယမကာ ထုတ်လုပ်ရေးသင်တန်း၌ သင်တန်းသား ၃၅ ဦးနှင့် အစားအစာနှင့် အဖျော်ယမကာ ဧည့်ခံကျွေးမွေးရေးသင်တန်း၌ သင်တန်းသား ၅၆ ဦးတို့ တက်ရောက်အောင်မြင်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းများ အမှတ်စဉ်(၄/၂၀၁၂) တွင် ထူးချွန်ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

မျိုးဆက်သစ် ပြေးခုန်ပစ်အားကစားသမားများ ပေါ်ထွက်လာစေရေး မီနီမာရသွန်ပြိုင်ပွဲ ကျင်းပမည်

မန္တလေး ဖေဖော်ဝါရီ ၂၄

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်မည့် အလားအလာရှိသော မျိုးဆက်သစ်ပြေးခုန်ပစ်အားကစားသမားများ ပေါ်ထွက်လာစေရေးကိုရည်ရွယ်လျက် မန္တလေးမြို့ အောင်မြေမန္တလာအားကစားကွင်း၌ ကီလိုမီတာ ၂၀ မီနီမာရသွန်ပြိုင်ပွဲ၊ မီတာ ၁၀၀၊ ၂၀၀၊ ၄၀၀ အပြေးပြိုင်ပွဲ၊ အလျားခုန်ပြိုင်ပွဲ၊ သံလုံးပစ်၊ သံပြားပစ်၊ လှံတံပစ်ပြိုင်ပွဲ အမျိုးသား အမျိုးသမီးပြိုင်ပွဲအပါအဝင် ပြိုင်ပွဲ ၁၄ မျိုးကို မတ် ၂၆ ရက်တွင် ကျင်းပမည်ဖြစ်သည်။

မီနီမာရသွန်ပြိုင်ပွဲအတွက် ပထမဆုငွေကျပ် ခုနစ်သိန်း၊ ဒုတိယဆုငွေကျပ် သုံးသိန်း၊ တတိယဆုငွေကျပ် နှစ်သိန်း၊ စတုတ္ထဆုငွေကျပ်တစ်သိန်းနှင့် ပဉ္စမမှ ဆဋ္ဌမအထိ ငွေကျပ်ငါးသောင်းနှင့် ကွင်းတွင်းပြိုင်ပွဲများတွင် ဆုများချီးမြှင့်မည်ဖြစ်ရာ အသက် (၁၄)နှစ်နှင့် အထက် အသက်(၂၀)မပြည့်သူများ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

သီဟကိုကို(မန္တလေး)

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ဦးထွန်းထွန်းအေး(ပဲခူး)သည် ဖေဖော်ဝါရီ ၁၉ ရက်က ကစားဖော်များဖြစ်ကြသည့် ဦးမင်းသိန်း၊ ဦးအောင်လှဟန်၊ ဦးစိန်လွင်၊ ဦးချမ်းငြိမ်းဇော်တို့နှင့်အတူ ရန်ကုန်ဂေါက်ကွင်း(တည်းကုန်း)၌ ဂေါက်သီးရိုက်ကစားစဉ် Titliest Pro V1 No.2 ဂေါက်သီးအား On-Off Iron No.9 တုတ်ဖြင့် ရိုက်လိုက်ရာ ၁၃၅ ကိုက်ဝေးသော ကျင်းအမှတ် ၁၁ သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရသည်။

(ကြေးမုံ)

ပြည်ပ အားကစားသတင်း — ဟိန်းထက်လင်း

ချယ်လ်ဆီးအသင်းခေါင်းဆောင် ဂျွန်တယ်ရီ ဒူးဒဏ်ရာကြောင့် ရက်သတ္တခြောက်ပတ်ခန့် အနားယူရဖွယ်ရှိ

လန်ဒန် ဖေဖော်ဝါရီ ၂၄

ချယ်လ်ဆီးအသင်းခေါင်းဆောင် ဂျွန်တယ်ရီ**(ယာပုံ)**သည် လေ့ကျင့်ခန်းဆင်းနေ စဉ်အတောအတွင်း ဒူးဒဏ်ရာ ရရှိခဲ့သဖြင့် ရက်သတ္တခြောက်ပတ်ခန့် အနားယူရဖွယ်ရှိနေသည်။

တယ်ရီသည် ပြီးခဲ့သည့်လအတွင်းက အက်ဖ်အေဖလားပွဲစဉ်ဖြစ်သည့် ပို့စ်မောက်နှင့် ပွဲစဉ်မှစ၍ ယခုအချိန်အထိ မကြာခဏဆိုသလို အသေးစားဒူးဒဏ်ရာ ရရှိခဲ့သည်။ သို့သော် ယခုထပ်မံရရှိခဲ့သည့် ၎င်း၏ ယာဘက်ဒူးဒဏ်ရာကြောင့် ခွဲစိတ်မှုခံယူရဖွယ်ရှိပြီး အနည်းဆုံး ရက်သတ္တခြောက်ပတ်ခန့် အနားယူရဖွယ် ရှိသည်။

ယင်းအတွက်ကြောင့် တယ်ရီသည် ဖေဖော်ဝါရီ ၂၉ ရက်တွင် ဟော်လန်အသင်းနှင့် ခြေစမ်းပွဲကစားရမည့် အင်္ဂလန်အသင်းတွင် ပါဝင်နိုင်ဖွယ်မရှိသလို ချယ်လ်ဆီးအသင်း၏ ပွဲစဉ်အတော်များများကို လွဲချော်ရတော့မည်ဖြစ်သည်။

ထို့ပြင် ယင်းကဲ့သို့ ဂျွန်တယ်ရီဒဏ်ရာ ရရှိသွားခဲ့ခြင်းသည် ချယ်လ်ဆီးအသင်းတွင် ဆက်လက်တည်မြဲစေရန် အသင်းအား ယခုနှစ်ဘောလုံးရာသီ ပြီးဆုံးချိန်တွင် ပရီမီယာလိဂ်အမှတ်ပေးဇယား အဆင့်(၄)အတွင်း ဝင်နိုင်အောင် ကြိုးပမ်းနေရသည့် နည်းပြဗေးလတ်စ်ဘိုစ်အတွက် နောက်ထပ် ဖိအားတစ်ခုဟုသာ ဆိုရမည်ဖြစ်သည်။

အင်တာနက်။

ဝက်စ်ဘရွန်းနောက်ခံလူ ခရစ်ဒေါ်ဆန် သက်တမ်းတိုးစာချုပ်ထပ်မံချုပ်ဆို

လန်ဒန် ဖေဖော်ဝါရီ ၂၄

ဝက်စ်ဘရွန်းအသင်း၏ နောက်ခံလူ ခရစ်ဒေါ်ဆန်သည် အသင်းနှင့် သုံးနှစ်ခွဲ သက်တမ်းရှိ စာချုပ်သစ်တစ်ရပ် ချုပ်ဆိုခဲ့သည်။

အင်္ဂလန် ယူ-၂၁ ကစားသမားဒေါ်ဆန်သည် ၂၀၁၀ ခုနှစ် ဘောလုံးရာသီအတွင်းက ဝက်စ်ဘရွန်းအသင်းသို့ သုံးနှစ်စာချုပ်ဖြင့် ရောက်ရှိလာသူ ဖြစ်သည်။ ယခုတစ်ဖန် သုံးနှစ်ခွဲသက်တမ်းရှိ စာချုပ်သစ်ထပ်မံ ချုပ်ဆိုမှုကြောင့် ဒေါ်ဆန်သည် အနည်းဆုံး ၂၀၁၅ ခုနှစ်ဘောလုံးရာသီပြီးဆုံးချိန်အထိ ဝက်စ်ဘရွန်းအသင်းတွင် ရှိနေမည်ဖြစ်သည်။

ဒေါ်ဆန်သည် အင်္ဂလန်ယူ-၂၁ အသင်းအတွက် ခြောက်ပွဲကစားပြီး လေးဂိုး သွင်းယူပေးနိုင်ခဲ့သည်။

အင်တာနက်။

နိုင်ငံတကာရုပ်ရှင် အနုပညာရပ်ဝန်း — အေဝမ်းစိုး

အော်စကာဆုပေးပွဲအစီအစဉ်တင်ဆက်သူများစာရင်းတွင် မင်းသားကြီး မိုက်ကယ်ဒေါက်ဂလပ် ပါဝင်လာ

နှစ်ထပ်ကွမ်း အော်စကာဆုရှင် မင်းသားကြီး မိုက်ကယ်ဒေါက်ဂလပ်သည်လည်း (၈၄)ကြိမ်မြောက်အော်စကာ ဆုပေးပွဲအခမ်းအနား အစီအစဉ်တင်ဆက်သူများစာရင်းတွင် ပါဝင်လာကြောင်း သတင်းများတွင် ဖော်ပြသည်။

မင်းသားကြီး မိုက်ကယ်ဒေါက်ဂလပ်**(ယာပုံ)**သည် ၁၉၇၅ ခုနှစ်က One Flew over the Cuckoo's Nest ဇာတ်ကားနှင့် ၁၉၈၇ ခုနှစ်က Wall Street ဇာတ်ကားတို့ဖြင့် အော်စကာဆုများ ရရှိခဲ့သူဖြစ်သည်။

ယခင်ကြေညာထားသည့် အော်စကာဆုပေးပွဲအခမ်းအနား အစီအစဉ်တင်ဆက်သူများစာရင်းတွင် နာမည်ကျော်အနုပညာရှင်များဖြစ်ကြသည့် ဟာလီဘယ်ရီ၊ ရို့စ်ဘရန်နီ၊ ဘရက်ဒ်လီကူးပါး၊ တွမ်ခရုစ်၊ ပန်နူလုပ်ခရုဇ်၊ ကင်မရွန်းဒိုင်ယက်ဇ်၊ တီနာဖိုင်း၊ တွမ်ဟန့်စ်၊ အိန်ဂျလီနာဂျိုလီ၊ မီလာဂျိုဗိုဗစ်ချ်၊ အယ်လီကမ်ပါ၊ ဂျနီဖာလိုပက်ဇ်၊ မီလီဆာမက္ကာသီ၊ ဝမ်ဒီမတ်လန်ဒန်-ကာဗီ၊ ချားရစ်ရော့ခ်၊ မာယာရူဒူးလ်ဖာ၊ ဘန်စတီလာ၊ အမ္မာစတုန်းနှင့် ခရစ္စတန်ဝစ်ဂျ်တို့ဖြစ်ကြသည်။

(၈၄)ကြိမ်မြောက် အော်စကာဆုပေးပွဲကို လာမည့်ဖေဖော်ဝါရီ ၂၆ ရက် (တနင်္ဂနွေနေ့)တွင် အမေရိကန်နိုင်ငံ ကိုဒက်ကဇာတ်ရုံ၌ ကျင်းပမည်ဖြစ်ပြီး ABC ရုပ်သံလိုင်းမှ တိုက်ရိုက်ထုတ်လွှင့်ပြသမည် ဖြစ်သည်။

အင်တာနက်။

ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ သောဌသမအစည်းအဝေးကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ သောဌသမအစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပရာ သဘာပတိအဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝါယမ က ဆောင်ရွက်တော်မူသည်။

ရှေးဦးစွာ သဘာပတိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်က အစည်းအဝေးဖွင့် သာရဏီယဩဝါဒကထာကို မြွက်ကြားတော်မူသည်။

(နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်၏ သာရဏီယဩဝါဒကထာကို စာမျက်နှာ - ၂ တွင် ဖော်ပြထားပါသည်။)

ယင်းနောက် ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(တတိယအဖွဲ့ခွဲ)၏ ပဉ္စမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာအကျဉ်းကို တာဝန်ကျအဖွဲ့ခွဲ၏ကိုယ်စား တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇောတိက က တင်သွင်းလျှောက်ထားတော်မူသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(တတိယအဖွဲ့ခွဲ)၏ ပဉ္စမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာကို အဖွဲ့ဝင်ဆရာတော်များက ကဏ္ဍအလိုက် တင်သွင်းလျှောက်ထားတော်မူကြသည့်ကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

ထို့နောက် အစည်းအဝေးကို ဆက်လက်ကျင်းပရာ ကျန်ရှိသည့် ပဉ္စမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာကို အဖွဲ့ဝင်ဆရာတော်များက ကဏ္ဍအလိုက် တင်သွင်းလျှောက်ထားတော်မူကြသည့်ကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ယင်းနောက် ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဆဋ္ဌအစည်းအဝေးသို့ တင်သွင်းပြီး အတည်ပြုချက်ရယူမည့် သာသနာရေးဆိုင်ရာတင်ပြချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြပြီး ပထမနေ့ အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ သောဌသမ အစည်းအဝေးနှင့် ဆဋ္ဌအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆဋ္ဌအစည်းအဝေးတို့အတွက် ဆွမ်းအလှူရှင်များ၏ ဆွမ်းအလှူငွေ ဆက်ကပ်လှူဒါန်းပွဲကို နံနက် ၉ နာရီခွဲတွင် နိုင်ငံတော် သံဃမဟာနာယကကျောင်းဆောင် ဘုရားခန်း၌ ကျင်းပရာ ဖေဖော်ဝါရီ ၂၁ ရက် အကြိုညှိနှိုင်းအစည်းအဝေး ပထမနေ့ အရုဏ်ဆွမ်းအတွက် သီလရှင်ဆရာကြီး ဒေါ်ဧသီ(ဧသီတာသီလရှင်စာသင်တိုက်)က ငွေကျပ်တစ်သိန်း၊ နေ့ဆွမ်းအတွက် ဦးကျော်ဝင်း-ဒေါ်ခင်စန်းဝေက ငွေကျပ် ၃၅၀၀၀၀၊ ဖေဖော်ဝါရီ ၂၂ ရက် အကြိုညှိနှိုင်းအစည်းအဝေး ဒုတိယနေ့ တစ်နေ့တာအတွက် ဦးထွန်းထွန်းဦး-ဒေါ်မြင့်မြင့်ဝေက ငွေကျပ် ၄၅၀၀၀၀၊ ဖေဖော်ဝါရီ ၂၃ ရက် အကြိုညှိနှိုင်းအစည်းအဝေး တတိယနေ့ တစ်နေ့တာအတွက် ကြည့်မြင်တိုင် အုန်းပင်လမ်း(အနောက်) မိသားစုက ငွေကျပ် ၄၅၀၀၀၀ နှင့် ယနေ့အစည်းအဝေး တစ်နေ့တာအတွက် အလှူရှင် သူရဦးထွန်းတင် (ဝန်ကြီးချုပ်-ငြိမ်း)-ဒေါ်မြင့်မြင့်သိန်း မိသားစုနှင့် ဦးစိန်ရ (ဝန်ကြီး-ငြိမ်း)-ဒေါ်အေးအေးစိုး မိသားစုတို့က ငွေကျပ်ငါးသိန်း၊ ဖေဖော်ဝါရီ ၂၅ ရက် အစည်းအဝေးတစ်နေ့တာအတွက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်(ငြိမ်း)- ဒေါက်တာဒေါ်တင်လင်းမြင့် မိသားစုက ငွေကျပ်ငါးသိန်းတို့ကို ပေးအပ်လှူဒါန်းကြသည်။

ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ သောဌသမအစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

ထို့နောက် ဆဋ္ဌအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆဋ္ဌအစည်းအဝေး ဖေဖော်ဝါရီ ၂၆ ရက် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ ကြွရောက်မည့်နေ့အတွက် မဟာစည်ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့ချုပ်က ငွေကျပ် ၁၀ သိန်း၊ ဖေဖော်ဝါရီ ၂၇ ရက် ဗဟိုသံဃာ့ဝန်ဆောင် အစည်းအဝေးပထမနေ့အတွက် (ဦးသိန်းမောင်-ဒေါ်ပါးပါး) စန္ဒီပရဆေးမိသားစုက ငွေကျပ် ၁၅ သိန်း၊ ဖေဖော်ဝါရီ ၂၈ ရက် ဗဟိုသံဃာ့ဝန်ဆောင် အစည်းအဝေး ဒုတိယနေ့အတွက် (ဦးမောင်မောင်ဆွေတင်)-ဒေါက်တာဒေါ်မြသီတာဆွေတင်(အက်စ်အိုင်ကုမ္ပဏီက) ငွေကျပ် ၁၈ သိန်း၊ ဖေဖော်ဝါရီ ၂၉ ရက် ဗဟိုသံဃာ့ဝန်ဆောင် အစည်းအဝေး တတိယနေ့အတွက် (ဗိုလ်ချုပ်ကြီးစိုးဝင်း)-ဒေါ်သန်းသန်းနွဲ့ မိသားစု၊ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး(ငြိမ်း)-ဒေါ်ခင်နှင်းဝေ မိသားစု၊

စာမျက်နှာ ၄ ကော်လံ ၅ သို့ ❑

၂၀၁၅ ခုနှစ်တွင် အာဆီယံစီးပွားရေးပေါင်းစည်းမှုကြောင့် တစ်နိုင်ငံနှင့်တစ်နိုင်ငံ လွတ်လပ်စွာရောင်းဝယ်ဖောက်ကားခွင့်ရှိလာမည် မိမိတို့နိုင်ငံအနေဖြင့် ယခုအချိန်ကပင် ယှဉ်ပြိုင်နိုင်စွမ်းရှိအောင် ကြိုးပမ်းထားကြရမှာဖြစ် မူဆယ်နှင့်လားရှိုးတွင် စက်မှုဇုန်များဖော်ထုတ်ခြင်းဖြင့် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်တင်ပို့နိုင်ရေး စီစဉ်လျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂၄

ရှမ်းပြည်နယ် လားရှိုးမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ဖေဖော်ဝါရီ ၂၃ ရက် နံနက်ပိုင်းတွင် လားရှိုးမြို့ ရွှေလီရိပ်သာ၌ မူဆယ်မြို့နှင့် လားရှိုးမြို့တို့မှ ကုန်သည်လုပ်ငန်းရှင်များအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ရှေးဦးစွာ မူဆယ်နှင့်လားရှိုးမြို့များမှ ကုန်သည်လုပ်ငန်းရှင်နှစ်ဦးက နိုင်ငံတော်၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်သွားနိုင်မှုများကို တင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးဝင်းသန်း၊ ဒေါက်တာကံဇော်နှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်တို့က ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး ဦးစီးကော်မတီ ဖွဲ့စည်းအကောင်အထည်ဖော်မှု၊ ပုဂ္ဂလိက အသေးစားငွေရေးကြေးရေးလုပ်ငန်း ဥပဒေနှင့်အညီ ခရိုင်နှင့်မြို့နယ်များ၌ လယ်ယာ၊ သားငါး၊ အသေးစား စက်မှုလက်မှုကဏ္ဍများတွင် ငွေစုငွေချေးအစုအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်မှု၊ ခေါင်းရွက်ဗျပ်ထိုးဈေးသည်များ အပါအဝင် မြို့ပြနှင့် ကျေးလက်နေပြည်သူများအား အတိုးနှုန်းသက်သာစွာဖြင့် ချေးငွေများ ထုတ်ပေးရန် စီစဉ်ထားရှိမှုတို့ကို ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ရွှေသံလွင်ကုမ္ပဏီဥက္ကဋ္ဌနှင့် နယူးစတားလိုက်ကုမ္ပဏီဥက္ကဋ္ဌတို့က ဒေသခံကုန်သည်လုပ်ငန်းရှင်များနှင့်ပူးပေါင်း၍ ငွေစုငွေချေးအစုအဖွဲ့များ ဖွဲ့စည်းနိုင်ရေးနှင့် မတည်ငွေများ ထည့်ဝင်ဆောင်ရွက်သွားရေးတို့ကို တင်ပြကြသည်။

တင်ပြချက်များအပေါ် ဒုတိယသမ္မတက ပြန်လည်သုံးသပ်ဆွေးနွေးပြီး အမှာစကားပြောကြားရာတွင် အသေးစား ငွေစုငွေချေးလုပ်ငန်းများတွင် နိုင်ငံတော်အပိုင်းကသာမက ဒေသခံများကပါ ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းများ ပိုမိုအောင်မြင်လာမည်ဖြစ်ကြောင်း၊ အသေးစားငွေစုငွေချေးလုပ်ငန်းများ ဆောင်ရွက်ရန် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် စသည်ဖြင့် အဆင့်ဆင့်ဖွဲ့စည်းထားပြီး အကောင်အထည်ဖော်နေပြီ ဖြစ်ကြောင်း။

ငွေချေးလုပ်ငန်းသည် အရင်းအနှီးလိုအပ်သောလုပ်ငန်းဖြစ်သည့်အပြင် လုပ်ငန်းအောင်မြင်သည်နှင့်အမျှ အရင်းအနှီးလည်း တိုးပွားနေမည်ဖြစ်ကြောင်း၊ ဤလုပ်ငန်းဥပဒေအရ အပ်ငွေအတွက် အတိုးတစ်နှစ်လျှင် ၁၅ ရာခိုင်နှုန်းခန့်ဖြစ်ပြီး ချေးငွေအတွက် တစ်နှစ်လျှင်

စာမျက်နှာ ၄ ကော်လံ ၁ သို့ ◆

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း လားရှိုးမြို့ ရွှေလီရိပ်သာ၌ မူဆယ်မြို့နှင့် လားရှိုးမြို့တို့မှ ကုန်သည်လုပ်ငန်းရှင်များနှင့် တွေ့ဆုံစဉ်။ (သတင်းစဉ်)